စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# သေဟ်တာဆွေ
# ချစ်လွန်းလို့ ကြံမိသူ



mgyoe.com

ကာတွန်းမောင်မောင်အောင် - ၂၀၁၆

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



# သော်တာဆွေ

# ချစ်လှုန်းလို့ ကြံ့မိသူ

tts0031
2300.00 Ks

mgyoe.com

mgyoe.com

ချစ်လွန်းလို့ကြံ့ပိသူ၊ သော်တာဆွေ
မျက်နှာဖုံး-ကာတွန်းမောင်မောင်အောင်၊ စာမျက်နှာ ၁၉၈မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇွန်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၇၁ စပယ်ဦးစာပေ၏ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ချစ်လွန်းလို့ ကြံမိသူ

## သော်တာဆွေ

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၆

mgyoe.com

mgyoe.com

# အခန်း ၁

## ရှုံးစရာ ဧည့်သည်

"မောင်ဟာလေ သိပ်ကဲတာပဲ အဟင့်"

မိန်းမပျိုလေး၏ အသံသည် ရေချိုးခန်းတွင်းမှ ကြည်လင်ပြတ်သား စွာ ထွက်ပေါ်လာသည်။ ခရာတာတာ ညုတုတုဖြစ်စေရန် တမင်ကြိုးစား၍ ပြောလိုက်မှန်းလည်း သိသာထင်ရှားလွန်းလှသည်။ အဘယ့်ကြောင့်ဟူမူ "မောင်ဟာလေ"ဟု ပြောပြီးနောက် စကားကိုချက်ချင်းမဆက်သေးဘဲ ခဏ ရပ်ထားလိုက်ပြီးမှ "သိပ်"ဟူသော စကားလုံးကို အသံခပ်မှုဉ်းမှုဉ်းလေးဖြင့် ဆွဲပြောလိုက်ခြင်းကြောင့် ဖြစ်သည်။

"ချစ်လိုပေါ့ဟာ"

ယောကျ်ားပျိုတစ်ဦး၏ ပြန်ဖြေသံကလည်း ထင်ရှားစွာပင် ထွက်ပေါ် လာ၏။

"ချစ်ရင်ဒီလိုလုပ်ရသလား ဟင်း ဟင်း"

ယင်းသည့်နောက် အသံသည် ၄-၅ စက္ကန့်ခန့်မျှ ပျောက်ကွယ်သွား သည်။ ပြီးမှ မိန်းမပျိုလေး၏ 'ခစ်' ခနဲ ရယ်မောလိုက်သံတစ်ချက် ထွက် ပေါ်လိုက်ပြီးနောက် ကိုယ်ပေါ်ရေလောင်းချိုးသံများ 'တဗွမ်းဗွမ်း' ဖြင့် ဆက်တိုက်ထွက်ပေါ်လာလေသည်။

ပွဲစားကြီး (သို့မဟုတ်) သူဌေးကြီး ဦးထွန်းအောင်သည် အပြင်ထွက်

mgyoe.com

mgyoe.com

ရန် ခြေလှမ်းပြင်လိုက်မိပြီးမှ တံခါးဝနားအရောက်တွင် အထက်ပါအသံများ ကို ကြားလိုက်ရသောကြောင့် တစ်ဝက်တစ်ပျက်လှမ်းလိုက်သော ခြေလှမ်းကို မချမိဘဲ မျက်မှောင်တစ်ချက်ကြုတ်ကာ အိမ်ခန်းထဲသို့ ပြန်လှည့်ဝင်လာသည်။

ဦးထွန်းအောင်သည် မိမိကြားလိုက်ရသော ရေချိုးခန်းတွင်း အသံကို ပြတ်ပြတ်သားသား နားရှင်းလိုသဖြင့် ဧည့်ခန်း၌ အရမ်းအော်မြည်လျက်ရှိ သော ရေဒီယိုကို ပိတ်ပစ်ရန်လှမ်းကြည့်မိလေ၏။ ထိုအခိုက်...

"ကိုထွန်းအောင်၊ ကိုထွန်းအောင် ကြာလှချည်လား၊ ဘာများ မေ့နေလို့ လဲ" ဟူသော သူ့ဒွေးကတော် ဒေါ်တင်ကြည်၏ အော်မေးလိုက်သံကို အောက်ထပ် လှေကားရင်းနားလောက်ဆီက ကြားလိုက်ရလေသည်။

ဦးထွန်းအောင်သည် ဒေါ်တင်ကြည်၏ အော်မေးသံကို ပြန်ဖြေရန် ပါးစပ်ပြင်လိုက်မိပြီးမှ ဖြေကြားခြင်း မပြုသေးဘဲ ဦးခေါင်းကိုတစ်ချက်ဆတ်၍ ခါလိုက်လေသည်။ ထို့ကြောင့် ဦးခေါင်းထက်က အနည်းငယ် ချောင်နေပုံ ရသော ပန်းနုရောင်ခေါင်းပေါင်းလေးသည် တော်တော်ကြီး စောင်းရွဲ့၍ သွား သည်။ ၎င်းသည် ဒေါ်တင်ကြည်၏ အော်မေးသံကို ဖြေကြားမည်ပြုပြီးမှ နှုတ်ဆိတ်သွားရခြင်းမှာ ထိုအတွင်းမှာပင် ရေချိုးခန်းအတွင်းမှ မိန်းမပျိုလေး တစ်ဦး၏ သီချင်းညည်းသံကို ကြားလိုက်ရပြီးနောက် တစ်ဆက်တည်း 'တခစ်ခစ်' ရယ်သံများပါ ဆက်တိုက်ကြားလာရသောကြောင့် ဖြစ်လေသည်။

ရေချိုးခန်းတွင်း၌ ရေချိုးနေသူမှာ ဦးထွန်းအောင်၏ နှစ်ဦးတည်း သော သားသမီးအနက် အငယ်ကောင် မောင်တင်အောင်ဖြစ်သည်။ ၎င်းသည် ရန်ကုန်တက္ကသိုလ်၌ အိုင်အေအထက်တန်းကို သင်ကြားနေရသော ကောလိပ် ကျောင်းသားတစ်ဦးဖြစ်သော်လည်း လည်လည်ဝယ်ဝယ်ထဲကတော့ မဟုတ် ချေ။ လူပုံကြည့်လျှင်မူ ပေါကြောင်ကြောင်နှင့်ဟု ထင်စရာရှိသော်လည်း တကယ် တော့ လူ့ခွစာတစ်ဦးမျှသာဖြစ်သည်။ သို့သော်လည်း တကယ့်နုံအကြီးဟု ကား မဆိုနိုင်ပြန်ပါချေ။ အဘယ့်ကြောင့်ဆိုသော်၊ အချို့ကိစ္စ လူအများ သတိမပြုမိတတ်သော အသေးအဖွဲ့ ဖြစ်ရပ်ကလေးမျိုးတွင်မူ အလွန့်အလွန် သတိထားမိတတ်ပြီး တကယ်လည်း နက်နက်နဲနဲ စဉ်းစားတွေးတောနေတတ် ပြန်သောကြောင့် ဖြစ်လေသည်။ တစ်ရံတစ်ခါတွင်မူ မည်သူတစ်စုံတစ်ဦးနှင့် မျှ စကားပြောဆိုခြင်းမပြုဘဲ တစ်ကိုယ်တည်း နှုတ်ဆိတ်နေသည်လည်း ရှိ

mgyoe.com

mgyoe.com
တတ်၏။ ထိုအခါမျိုးတွင် ၎င်းသည် ကာရန်ပျောက်နေသော ကဗျာဆရာလိုလို၊ ရည်းစားပူမိနေသော အတွေးသမားလိုလို၊ ခေတ်ကုန်၍ အလုပ်လက်မဲ့ဖြစ်နေသော နိုင်ငံရေးသမားလိုလိုဖြင့် အဓိပ္ပာယ်မရှိ တွေဝေငေးမှိုင်နေတတ်သည်။ အိမ်သူအိမ်သားများကမူ သူ့အကြောင်းသိထားကြပြီးဖြစ်၍ တင်အောင်တစ်ယောက်ရောဂါထပြန်ပြီဟုသာ တီးတိုးပြောဆိုရင်း မသိလိုက် မသိဘာသာနေလိုက်ကြသည်ချည်းဖြစ်သည်။

မည်သို့ဆိုစေ တင်အောင်သည် နှစ်စဉ်စာမေးပွဲ မှန်မှန်အောင်သောကောလိပ်ကျောင်းသားတစ်ဦး ဖြစ်နေရာ ဤတစ်ချက် တစ်ခုတည်းနှင့်ပင် ၎င်းအား 'ပတ်ကလား' ဟု မှတ်ချက်ချရန် ခဲယဉ်းနေပြန်သည်။ ပွဲစားကြီးကမူ တစ်နှစ်ထက်တစ်နှစ် အတန်းကြီးလာသော သားငယ်ဖြစ်သူအတွက် စိုးရိမ်မကင်းဖြစ်လာကာ တစ်ချိန်ကစိတ်ပညာ ဆရာဝန်တစ်ဦးထံ တင်အောင်အားခေါ်သွားပြီး ပြသခဲ့ဖူးလေသည်။ ထိုစဉ်က ဆရာဝန်၏ မှတ်ချက်မှာ တင်အောင်၌ ပျော့ညံ့သော စိတ်တစ်မျိုးရှိနေကြောင်း၊ ယင်းပျော့ညံ့သော စိတ်ကြောင့် 'ကလက်တိုမေးနီးယား' (Kleptomania) ခေါ် စိတ်ရောဂါတစ်မျိုးခံစားနေရကြောင်း၊ ဤရောဂါရှင်များသည် မိမိတို့အတွက် တစ်စုံတစ်ရာအကျိုးမရှိပါဘဲလျက် သူတစ်ပါး၏ပစ္စည်းဥစ္စာများကို ခိုးချင်ဝှက်ချင် တတ်ကြကြောင်း၊ ၎င်းပြင် ဆန့်ကျင်ဘက်လိင်တို့နှင့် ခပ်ကြမ်းကြမ်း ဆက်ဆံချင်(သို့မဟုတ်) ဆက်ဆံသည်ကို ခံလိုတတ်ကြကြောင်း ဟူ၍ဖြစ်လေသည်။

ဦးထွန်းအောင်လည်း တော်တော်ကြီး စိတ်ပူပန်သွားမိကာ ယင်းရောဂါမျိုးမှာ ဘယ်ကစပြီးဖြစ်ပေါ်လာ၍ ဘယ်လိုနည်းဖြင့် ကုစားပါမည်နည်းဟုမေးမြန်းခဲ့ရာ ဆရာဝန်ကြီးသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက် ရောဂါမှာ မိဘမျိုးရိုးနှင့် ဆင်းသက်လာခြင်းဖြစ်ကြောင်း၊ ရုတ်တရက် ပျောက်ကင်းအောင် ကုစားရန်မှာ မလွယ်ကြောင်း၊ သို့သော်လည်းခေတ်ပညာတတ်သူများအဖို့မှာမူ တဖြည်းဖြည်း အသိပညာတိုးတက်လာသည်နှင့်အမျှ အသိဉာဏ်ဖြင့် ထိန်းချုပ်သွားနိုင်လျှင် ပျောက်ကင်းသွားမည်သာဖြစ်ကြောင်းဖြင့် ပြန်ပြောပြလေသည်။

ထိုစဉ်က ဦးထွန်းအောင်သည် မျက်နှာ 'ကွက်' ခနဲ ပျက်သွားပြီးရုတ်တရက်မလှုံမလဲဖြစ်လာကာ မနေတတ် မထိုင်တတ်နှင့် အတော်ကြာငြွေ
mgyoe.com

mgyoe.com
ပျက်ခဲ့ရသည်။ အကြောင်းမှာကား မိမိကိုယ်တိုင် တစ်ချိန်က မယားဖြစ်သူ၏ သေတ္တာတွင်းမှ အတွင်းခံ ထဘီတစ်ထည်ကို အကြောင်းမဲ့သက်သက် ခိုးဝှက်ထားခဲ့မိဖူးသောကြောင့်တည်း။

ထိုစဉ်က ဒေါ်တင်ကြည်သည် မိမိကိုယ်တိုင်သေတ္တာထဲ သေသေချာချာ သိမ်းဆည်းထားခဲ့သော အတွင်းခံထဘီမှ ရွေးပြီး ပျောက်သွားခြင်းဖြစ်သောကြောင့် 'ဗျစ်' တောက် 'ဗျစ်' တောက်ဖြစ်ကာ တစ်အိမ်လုံးပွက်ပွက်ညံ၍ သွားခဲ့ရဖူးလေသည်။ ဦးထွန်းအောင်ခမျာ ထဘီကို ပြန်ပေးလိုက်ရကောင်းနိုးနိုး၊ ဖျောက်ဖျက်ပစ်လိုက်ရကောင်းနိုးနိုးဖြင့် တော်တော်ကြီး ကသီလင်တနိုင်ခဲ့ရရှာလေသည်။

ယင်းဖြစ်ရပ်ကို စဉ်းစားမိပြီး ဦးထွန်းအောင်သည် မိမိကိုယ်ကို မလုံမလဲဖြစ်လာကာ ဆရာဝန်ကြီး၏ မျက်နှာကို မျက်လုံးထောင့်ကပ်၍ မရဲတရဲလှမ်းကြည့်လိုက်သည်။ ဆရာဝန်ကြီးမှာ ၎င်းကို မကြည့်ဘဲ...

"ဒါပေမဲ့ သိပ်ပြီးစိုးရိမ်စရာတော့ မရှိပါဘူး။ အသိပညာခေါင်းပါးတဲ့လူတွေမှာသာ ဒီရောဂါဟာ စိုးရိမ်စရာရှိပါတယ်၊ ပညာသင်ကြားခွင့်ရတဲ့လူတွေမှာတော့ တဖြည်းဖြည်း အသိပညာ တိုးတက်လာပြီး ရောဂါဟာလည်း အလိုအလျောက် ပျောက်ကွယ်သွားတတ်ကြပါတယ်။ အနည်းဆုံးကိုယ့်စိတ်ကိုယ် ချုပ်ထိန်းသွားနိုင်ကြတယ်ပေါ့လေ" ဟု ပြောလိုက်တော့မှ ဦးထွန်းအောင်လည်း အနည်းငယ် စိတ်သက်သာရာ ရသွားသည့်အလား သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်ပြီး ဆရာဝန်ကြီး၏ အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားခဲ့လေ၏။

ဦးထွန်းအောင်သည် အထက်ပါဖြစ်ရပ်ကလေးကို သတိရစဉ်းစားနေမိရာမှ စိတ်အာရုံကို ရေချိုးခန်းထဲသို့ ပြန်လည်စူးစိုက်လိုက်ပြန်သည်။ တင်အောင်မှာ အိမ်ထောင် မရှိသေးသော ကျောင်းသားလူရွယ်တစ်ဦးမျှသာ ဖြစ်ပေရာ သားလူပျိုတစ်ယောက် ရေချိုးနေစဉ် ရေချိုးခန်းတွင်းမှ မိန်းမပျိုတစ်ဦး၏အသံကို ကြားမိသည်ဆိုလျှင် အဘယ်မိဘမဆို သင်္ကာမကင်းဖြစ်မိကြမည်သာ။ အနည်းဆုံး စိတ်ဝင်စားခြင်းတော့ ရှိကြမည်သာ ဖြစ်သည်ဟု စဉ်းစားလိုက်မိသည်။

ဦးထွန်းအောင်မှာကား စိတ်ဝင်စားမိရုံသာမက မျက်လုံးများပင် မသိ
mgyoe.com

mgyoe.com

မသာပြုံးကျယ်လျက်ရှိနေလေသည်။ 'ငါ့သားဟာ ဒီလောက်တော့လည်း မိုက်ရိုင်းလိမ့်မယ်မဟုတ်ပါဘူးလေ' ဟု တစ်ဖက်သော ဦးနှောက်က စဉ်းစားမိသော်လည်း အခြားတစ်ဖက်ခြမ်းသော ဦးနှောက်ကမူ 'မလုပ်ဘူးလို့ တထစ်ချဘယ်ပြောနိုင်မလဲ' ဟု စဉ်းစားလိုက်မိပြန်သည်။

ထိုအတွင်း...

"ကိုထွန်းအောင် ကိုထွန်းအောင်၊ ရှင်ဘာများ လုပ်နေတာလဲ" ဟူသော အသံနှင့်အတူ အချိန်အတန်ကြာမျှ စောင့်နေသော်လည်း ဆင်းမလာသောကြောင့် စိတ်တိုနေဟန်တူသော ဒေါ်တင်ကြည်သည် ဧည့်ခန်းထဲသို့ စူဆောင့်ဆောင့်ဖြင့် ဝင်ရောက်လာသည်။ ဦးထွန်းအောင်သည် မယားဖြစ်သူအား တစ်ချက်မျှ လှည့်ကြည့်၍ စကားမပြောရန် ပါးစပ်နား လက်ညှိုးထောင်ပြပြီး တစ်ဆက်တည်း ရေချိုးခန်းဘက်သို့ လက်ညှိုးတငေါက်ငေါက် ထိုးပြလိုက်သည်။

ဒေါ်တင်ကြည်သည် ဦးထွန်းအောင် ဘာဆိုလိုသည်ကို နားမလည်သဖြင့် စိတ်ရှုပ်သည့် အမူအရာဖြင့် ရေချိုးခန်းဘက်သို့ ဂရုစိုက်ပြီး လှမ်းကြည့်သည်။

ရေချိုးခန်းမှာ အတွင်းကပိတ်ထားသောကြောင့် တစ်စုံတစ်ရာ ထူးခြားသည်ကို မတွေ့ရချေ။

ထိုစဉ်မှာပင် မိန်းမပျိုတစ်ဦး၏ တ'ခစ်ခစ်'ရယ်မောလိုက်သံသည် ရေချိုးခန်းတွင်းမှ ထင်ရှားစွာ ထွက်ပေါ်လာလေရာ ထိုအခါမှပင် ဒေါ်တင်ကြည်လည်း ရုတ်တရက် အံ့အားသင့်ပြီး ပါးစပ်ကြီးအဟောင်းသားဖြစ်ကာ 'ဘယ်လိုလဲ' ဟူသော အကြည့်မျိုးဖြင့် ဦးထွန်းအောင်အား လှည့်ကြည့်သည်။ ဦးထွန်းအောင်ကလည်း 'ငါလည်းအဲဒါ စိတ်ဝင်စားနေလို့' ဟူသော အကြည့်မျိုးဖြင့်သာ ပြန်ကြည့်နေသည်ကို တွေ့ရလျှင် ဒေါ်တင်ကြည်သည်ရေချိုးခန်းဆီသို့ ပြန်လှည့်သွားသည်။ သို့နှင့် လူကြီးနှစ်ယောက်သည် အဓိပ္ပာယ်ကို ဘယ်လိုစဉ်းစားတွေးတော၍ မရသဖြင့် တစ်ဦးမျက်နှာတစ်ဦး ပြန်ကြည့်ရင်း အူကြောင်ကြောင် ရပ်နေမိကြလေသည်။

ထိုအတွင်း ရေချိုးခန်းထဲမှ အသံသည် ရုပ်ရှင်ပိတ်ကားပေါ်မှ ရှုခင်းတစ်ခု 'ရိုပ်'ခနဲ ပြောင်းလဲသွားသည့်ပမာ အကြောင်းအရာတစ်ခုမှ အခြား

mgyoe.com

mgyoe.com


တစ်ခုသို့ ရုတ်ခြည်းပြောင်းလဲသွားသည်။ စောစောက ကြားနေရသော အသံများမှာ ယောက်ျားပျိုတစ်ဦးနှင့် မိန်းမပျိုတစ်ဦး၏ ချစ်တင်းနှီးနှောနေသံ၊ ကြင်နာယုယသံများ ဖြစ်ပြီး ယခုကြားလာရသောအသံများမှာ "ဘွတ်အဲ.. ဘွတ်အဲ" ဟူသော နွားအော်သံလိုလို တစ်ချက်ကြားလိုက်ရပြီးနောက် ချူသံလိုလိုကိုလည်း တစ်ဆက်တည်း ကြားလိုက်ရသည်။ မိန်းမပျိုလေး၏ သီချင်းညည်းသံမှာလည်း စောစောကလို အချစ်နှင့်အလွမ်းသီချင်းများ မဟုတ်တော့ဘဲ ကောက်စိုက်သမတစ်ဦး လယ်ကွင်းထဲပျော်ရွှင်စွာ အလုပ်ဆင်းနေသည့်အကြောင်းကို ဖွဲ့နွဲ့စပ်ဆိုထားသော လယ်သူမ တေးသံတစ်ပုဒ်ဖြစ်သွားပြန်သည်။

ထိုအတွင်း ရွှံ့ဗွက်တောထဲ နင်းလျှောက်သွားသော အသံမှာ ထင်ရှားစွာပေါ်၍လာလေသည်။

ယင်းအသံတို့ကြောင့် အပြင်ဘက်တွင် ရပ်ပြီးအကဲခတ်နားထောင်နေကြသော လူကြီးနှစ်ယောက်သည် အချင်းချင်း 'ဖျတ်' ခနဲ လှည့်ကြည့်ရင်း မျက်စိမျက်နှာပျက်သွားကြသည်။

ထိုစဉ်မှာပင် တံခါးမင်းတုပ်ဖြုတ်သံ 'ဂျောက်'ခနဲ ပေါ်လာပြီး ရေချိုးခန်း တံခါးလည်း ပွင့်၍လာသည်။ တင်အောင်သည် အတွင်းခံ 'ဆပ်ဆပင်ဒါ'လေးဖြင့် ထွက်လာရာ ပါးလွှာသော 'ဆပ်ဆပင်ဒါ' မှာ ရေစိုပြီး အမြင်မတော် ဖြစ်နေသဖြင့် တံခါးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် အပြင်ဘက်တွင် တိတ်ဆိတ်စွာရပ်နေကြသော လူကြီးနှစ်ယောက်ကိုတွေ့လိုက်ရလျှင် လက်ထဲကိုင်ထားသော မျက်နှာသုတ်ပဝါကြီးကို ခါးပေါ်ကပျာကယာ ရစ်ပတ်ထားလိုက်သည်။ လူကြီးနှစ်ယောက်သည် မိမိကိုပင် အကဲခတ်ကြည့်နေကြကြောင်း သတိထားမိလျှင် တင်အောင်လည်း မလုံမလဲဖြစ်လာပြီး အခန်းထဲပဲပြန်ဝင်သွားရမလို၊ အပြင်ဘက်ပဲ ထွက်ပြေးသွားရတော့မလို အူကြောင်ကြောင်ဖြစ်သွားမိရှာသည်။ ပြီးမှအသံကို သတိထားပြီး...

"ဖေဖေတို့ ဘာလို့ ရပ်ကြည့်နေကြတာလဲ" ဟု မေးလိုက်လေ၏။

ဦးထွန်းအောင်သည် ဒေါ်တင်ကြည်၏ မျက်နှာကို တစ်ချက်ခိုးကြောင်ခိုးဝှက်လှမ်းကြည့်ပြီး မျက်လုံးအစုံကို တစ်ဖက်သို့ပြန်လွှဲပစ်လိုက်ရင်း

"မင်း ဘာလုပ်နေတာလဲ" ဟု တင်အောင်၏ မေးခွန်းကို မေးခွန်း

mgyoe.com

အသစ်တစ်ခုနှင့် တုံ့ပြန်လိုက်သည်။

"ကျ... ကျွန်တော် ဘာလုပ်နေရမှာလဲ၊ ရေချိုးနေတာပေါ့၊ မတွေ့ဘူးလား"

တင်အောင်အား ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေလေ၏။

ဦးထွန်းအောင်သည် ရေချိုးခန်းထဲသို့ တစေ့တစောင်း အကဲခတ်ကြည့်လိုက်ရင်း သက်ပြင်းတစ်ချက် မသိမသာ မှုတ်ထုတ်ကာ၊

"ဘာသံတွေလဲကွ မင်းရေချိုးနေတုန်း ကြားရတဲ့အသံတွေက"

ထိုအခါမှ တင်အောင်လည်း မိဘနှစ်ပါး စိတ်ဝင်စားနေသည့် အကြောင်းရင်းကို ရိပ်မိကာ ရောင်ရောင်ကလေး ပြုံးလာနိုင်တော့သည်။ နောက် ရေချိုးခန်းဘက်သို့ တစ်ချက်လှည့်ကြည့်ရင်း...

"အော်... အော်... ဟော်၊ အဲဒါမေးတာလား၊ အဲဒါ ဟိုအဘိုးကြီးတို့ 'ဂီတအော်သံ' တေး တူရိယာအဖွဲ့က နောက်ဆုံး သွင်းထားတဲ့ ဓာတ်လမ်းပမာ နားဆင်စရာ တိပ်ရီကော်ဒါကို ရေချိုးရင်း ဖွင့်နားထောင်နေတာပါ"

တင်အောင်၏ စကားအဆုံးတွင် ဦးထွန်းအောင်သည် ဒေါ်တင်ကြည်ကို လှမ်းကြည့်ရာ အကြည့်ချင်းဆုံသွားမိကြသည်။ လူကြီးနှစ်ယောက်စလုံးပင် ရယ်ရမလို ပြုံးရမလို ဖြစ်သွားမိကြလေ၏။

"မင်းနှယ်ကွာ ရေချိုးရင်းနဲ့များ တိပ်ရီကော်ဒါ ဖွင့်ရတယ်လို့"

နောက်ဆုံး၌ ဦးထွန်းအောင်သည် မိမိအဖြစ်ကို ရယ်ချင်လာသဖြင့် အရှက်ပြေအပြစ်တင်သံနှင့် ပြောလိုက်တော့သည်။

"ဖေဖေကလည်း ရေချိုးရင်း နားထောင်မှ ပိုပြီး ဖီမ်ရှိတာ"

တင်အောင်ကလည်း အပြစ်တင်မခံဘဲ ဆင်ခြေပေးလိုက်ပြန်သည်။

ဦးထွန်းအောင်သည် ဆက်ပြီး စကားကြော မရှည်လိုတော့ဟန်ဖြင့် ဒေါ်တင်ကြည်ဘက် တစ်ချက်လှည့်ကြည့်ပြီး၊ တင်အောင်ဘက် ပြန်လှည့်လိုက်ကာ...

"ကဲ၊ ငါတို့အလှူပွဲတစ်ခုသွားစရာရှိလို့ သွားလိုက်ဦးမယ်၊ မင်းတို့မောင်နှမတွေ ထမင်းစား စောင့်မနေကြနဲ့၊ ကြားလား" ဟု ပြောခဲ့ပြီးနောက် လင်မယားနှစ်ယောက်စလုံး အပြင်ဘက်သို့ ထွက်ခွာသွားကြလေတော့၏။

တင်အောင်သည် ယနေ့အဖို့ရာ၌ မိမိတစ်သက်တာ ဘဝတွင် ပျော်ရွှင်

mgyoe.com

mgyoe.com

ဖွယ် အကောင်းဆုံးနေ့တစ်နေ့ ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းထားမိသဖြင့် အထူးစိတ်ကြည်နူးလျက်ရှိနေလေသည်။ ၎င်း၏ ဘဝတွင် အပျော်ရွှင်ဆုံးနေ့ ၃-၄ ခုကို ကြုံတွေ့ခဲ့ရဖူးပြီး ဖြစ်သည်။ သို့ရာတွင် တစ်ခုနှင့်တစ်ခုတူညီခြင်းမရှိသည့် အချက်မှာကား စာမေးပွဲအောင်၍ ပျော်ရွှင်ရခြင်းကတစ်မျိုး၊ အချစ်ဦးရည်းစားနှင့် ချိန်းတွေ့ရခါနီး ပျော်ရွှင်ရခြင်းကတစ်မျိုး၊ အရသာတစ်မျိုးကို ဒီဂရီအပိုင်းအခြားနှင့် ခွဲခြားထားလေသည်။

အမှန်၌ တင်အောင်တွင် ရည်းစားရယ်လို့ တိတိကျကျကြီး ရှိသေးသည်တော့ မဟုတ်ချေ။ သူ့အမြင်ဘက်ကနေ၍ ထုတ်ဖော်ရေးသားလိုက်ရခြင်းမျှသာ ဖြစ်ပေသည်။ အကြောင်းကို ဆိုသော် ယမန်နေ့ကပဲဖြစ်သည်။ တင်အောင်သည် ၎င်းတို့အိမ်နှင့် မျက်စောင်းထိုးအိမ်ရှိ 'မနှင်းဝါ' ဆိုသူအား 'နှမကိုမေတ္တာရှိနေသည်မှာ ကြာလှပါပြီ၊ နှမသဘော ဘယ်သို့ရှိတယ်ဆိုတာ သိပါရစေ' ဟု ချစ်ရေးဆိုခဲ့ရာ နှင်းဝါ၏ အဖြေမှာ မဆီမဆိုင် 'ကိုတင်အောင် မနက်ဖြန် ရုပ်ရှင်လိုက်ပြပါ' ဟူ၍ ဖြစ်လေသည်။ ဒါကိုပဲ တင်အောင်မှာ ကျေနပ်လို့မဆုံးဖြစ်ကာ 'စကားတစ်ခွန်းတည်းနှင့် မနှင်းဝါ၏ အချစ်ကို ရယူနိုင်ခဲ့လေပြီ၊ မနှင်းဝါတစ်ယောက် မိမိရည်းစားဖြစ်ချေပြီ' ဟု ယူဆပြီး ယနေ့နံနက် ရေချိုးရင်းပင် တိပ်ရီကော်ဒါဖွင့်ပြီး အပျော်ကြီး ပျော်နေခဲ့ခြင်း ဖြစ်လေ၏။

တင်အောင်သည် နှင်းဝါနှင့် ရုပ်ရှင်မကြည့်မီ၊ သို့မဟုတ် ရုပ်ရှင်ကြည့်အပြီး နှစ်ယောက်တည်း လျှောက်လည်ရန်ကိုလည်း ယမန်နေ့ညက တစ်ညလုံး စိတ်ထဲမှ အသေးစိတ် အစီအစဉ် ရေးဆွဲထားပြီးဖြစ်သည်။ ထို့ကြောင့်လည်း ယခုရေမိုးချိုး အဝတ်အစားလဲပြီး သွားသောအခါ ချိန်းဆိုထားသော အချိန်သည်လည်း တဖြည်းဖြည်း နီးကပ်လာပြီဖြစ်၍ စိတ်ထဲက လှုပ်ရှားနေခဲ့သော ပီတိစိတ် ဒီဂရီသည် ခုန်၍ခုန်၍ မြင့်တက်လာလေ၏။

"ကစားမယ် ကစားမယ် သက်တံပေါ်မှာ ကစားမယ်၊ မိုးထစ်ချုန်းကွယ် တူတူပုန်းမယ်၊ တိမ်တိုက်တွေကြားက ပြေးဆော့ကာရယ်"

တင်အောင်သည် သူ့အခန်းကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် ဆံပင်ကို နောက်ဆုံးပြုပြင်ဖြီးလိမ်းရင်း တက်သစ်စ မာမာအေး၏ မရိုးနိုင်သော သီချင်းဟောင်းကို ညည်းတွားနေမိလေသည်။

mgyoe.com

ထိုအခိုက်...

"ဒေါက်... ဒေါက်... ဒေါက်" ဟူသော တံခါးခေါက်သံသည် အပြင်ဘက်ဆီမှ ခပ်ပြင်းပြင်းကလေး ထွက်ပေါ်လာသည်။

ယင်းတံခါး ခေါက်သံကြောင့် တင်အောင်သည် ဘီးကိုစားပွဲပေါ် ကပျာကယာ ပစ်ချထားခဲ့ပြီး အပြင်ဘက်သို့ ထွက်လာသည်။ မည်သူများပေနည်းဟုလည်း စိတ်ထဲက စဉ်းစားနေမိသည်။ နှင်းဝါတစ်ယောက်များ ကြာရှည်မစောင့်နိုင်သဖြင့် လူကိုယ်တိုင် လိုက်လာလေရော့သလား၊ နှင်းဝါမှာ စိတ်ဆတ်ပြီး တစ်ဇွတ်ထိုး လုပ်တတ်ကြောင်း တင်အောင်ကြားဖူးလေရာ အချိန်တန်၍ ရောက်မလာသော မိမိအား ဒေါဖောင်းပြီး လူကိုယ်တိုင် လိုက်လာခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ သို့စဉ်းစားမိသောအခါ တင်အောင်သည် နှုတ်မှ 'အဟိ' ဟုဆိုကာ တစ်ကိုယ်တည်းကျေနပ်ပြီး 'ခပ်တိုးတိုး' ကလေး ပြုံးလိုက်မိလေ၏။

"ဒေါက်... ဒေါက်... ဒေါက်... ဒေါက်"

ထိုအတွင်း တံခါးခေါက်သံ ဒုတိယမ္ဘိပေါ်လာပြန်ရာ၊ ဧည့်ခန်းတစ်နေရာ၌ အင်္ဂလိပ်မဂ္ဂဇင်းရုပ်စုံတစ်ခုကို ထိုင်ဖတ်နေသော အစ်မဖြစ်သူ မေရီသည် နေရာမှ 'ရုတ်'ခနဲ ထလိုက်ပြီး တံခါးဝဘက်သို့ လျှောက်သွားမည်ပြုလေ၏။ တင်အောင်က အသာထိုင်နေရန် အမူအရာလုပ်ပြလိုက်မှ နေရာအနည်းငယ် ရွှေ့ပြီးထိုင်မြဲပြန်ထိုင်နေလိုက်သည်။ သို့သော် မေရီ၏ မျက်လုံးအစုံတို့သည် တံခါးဝဘက်သို့သာ စူးစိုက်ရောက်ရှိနေကြတော့သည်။

တင်အောင်သည် သူ့အတွေးနှင့်သူ မျက်နှာကို အတတ်နိုင်ဆုံး ချိုပြုံးသော အရိပ်အယောင်များ ဦးစွာ ယှက်သန်းလိုက်စေပြီးမှ တံခါးကို ဆွဲဖွင့်လိုက်သည်တွင်...

'ဟိုက်' ခနဲ စိတ်တွင်းမှ အာမေဋိတ်သံကြီး ထွက်သွားမိလေ၏။

စောစောက ကြည်လင်ရွှန်းပနေခဲ့သမျှသော မျက်နှာပြင်တစ်ခုလုံးသည်လည်း ရုတ်ခြည်းရွာတော့မည့် မိုးပမာ ညိုပုပ်ပုပ်ဖြစ်သွားတော့သည်။

အကြောင်းသော်ကား တံခါးဝတွင် ရပ်နေသူမှာ မိမိမျှော်လင့်ထားမိသော နှင်းဝါမဟုတ်ဘဲ မိမိအလွန့်အလွန် မျက်စိဆံပင်မွေးစူးလျက်ရှိသူ ကိုမော်တင်ဖြစ်နေသောကြောင့်တည်း။

mgyoe.com

mgyoe.com


အဆိုပါ ကိုမော်တင်ဆိုသူသည်ကား စုံထောက်ကြီး တစ်ဦးဖြစ်သတည်း။ သို့သော်လည်း အချို့ကာလပေါ် ဝတ္ထုများတွင် မကြာခဏပါရှိတတ်သော မြန်မာပြည်တွင် တကယ်မရှိသေးသည့် 'အလွတ်စုံထောက်' တစ်ယောက်တော့ကား မဟုတ်ပါချေ။ ၎င်းမှာ အင်းစိန်စီအိုင်ဒီအဖွဲ့ (အထူးသဖြင့်) လူသတ်၊ ဓားပြ၊ ပြန်ပေး စသော ရာဇဝတ်မှုကြီးများကို လိုက်လံ စုံစမ်းရသည့်ဌာနမှ စုံထောက်တစ်ဦးမျှသာဖြစ်လေသည်။ သူ့ဌာနတွင်မူ အတော်ဆုံး၊ အချွန်ဆုံး လူတော်လူကောင်းကြီးတစ်ယောက်အဖြစ် ထင်ရှားသူလည်း ဖြစ်၏။ ထို့ကြောင့်ပင် အထက်လူကြီးများက ၎င်း၏ ပညာကို ပို၍တောက်ပြောင်သည်ထက် တောက်ပြောင် ထက်မြက်လာစေရန် 'အမေရိကန်' နိုင်ငံသို့ စေလွှတ်ပြီး နောက်ဆုံးပေါ် ထိပ်တန်းလျှို့ဝှက်စုံထောက်နည်းများကို သွားရောက်လေ့လာသင်ကြားစေခဲ့ရာမှ ပြန်လည် ရောက်ရှိလာခဲ့သူ ဖြစ်သည်။ ၎င်း၏အသက်မှာ နှစ်ဆယ့်ခုနစ်၊ နှစ်ဆယ့်ရှစ်၊ အများဆုံးရှိလှ သုံးဆယ်ခန့်မျှသာ ရှိပေလိမ့်ဦးမည်။ ခေတ်ပညာ ဘီအက်(စ်)စီမျှ အောင်ပြီး ပစ္စည်းအသင့်အတင့်ရှိသော မိဘနှစ်ပါးလည်း ကိုမော်တင်၌ ရှိနေသည်။ ဥပမိရုပ်ကိုလည်း ပြန်ကြည့်ပါဦး။ အရပ် ၅ ပေ ၇ လက်မ၊ အသား မလတ်တလတ်၊ ကျယ်ပြန့်သော ရင်အုပ်၊ ကားသောမေးရိုး၊ ပါးလွှာပြီး အမြဲတစေ စေ့ထားတတ်သော နှုတ်ခမ်း၊ ဖြောင့်စင်းသော နှာတံ စသည် စသည်တို့ဖြင့် ယောက်ျားပီသသော လူချောလူခံ့ကြီး...။

အဝတ်အစားတွင်တော့ ကိုမော်တင်သည် အနောက်တိုင်း ဝတ်စုံ လောင်းပင်တို့၊ ဘွတ်ရှူး၊ နက်ကတိုင်တို့ကိုသာ အဝတ်များလေ့ရှိသည်။ ဒါကတော့လည်း သူ့အလုပ်က စုံထောက်အလုပ်ဆိုတော့ လူဆိုးသူဆိုးများနှင့် ရင်ဆိုင်သတ်ပုတ်ရသည့်အခါ ပုဆိုးနှင့်ဆိုလျှင် အမြင်မတော်ဖြစ်တတ် (ဖြစ်လည်းဖြစ်ခဲ့ဖူးသည်။) သောကြောင့်သာ ဖြစ်ပေမည်။ ဒါက အပြစ်ဆိုစရာ မရှိပါချေ။

သို့စဉ်လျက် တင်အောင်သည် ကိုမော်တင်အား လုံးဝကြည့်မရအောင်ပင် မုန်းမာန်ပွားလျက် ရှိနေခဲ့လေသည်။ ဘယ်အကြောင်းကြောင့်များပေနည်း။ စုံထောက်တစ်ယောက် ဖြစ်နေ၍များလား။ မဟုတ်ပါ ဒီလိုတော့လည်း မဟုတ်ရာပါ။ တကယ်တော့လည်း (ယခုခေတ်) စုံထောက်တစ်ယောက်

mgyoe.com

အိမ်ရှေ့တံခါးဝနား လာရပ်သည်ဆိုလျှင် (အလည်လာသည့်တိုင်အောင်) သိပ်ပြီး အတိတ်နိမိတ်ကောင်းလှသည်တော့ မဟုတ်ချေ။ သို့လော သို့လော နှင့် ရင်မ,ပြီး တွေးရခက်ကြီးဖြစ်ကြမည်သာ ဖြစ်လေသည်။ သို့သော်လည်း ယင်းအချက်ကို တင်အောင် စဉ်းစားမိ၍တော့ မဟုတ်ပါ။ တင်အောင်မုန်း မာန်ပွားနေရသည့် အကြောင်းရင်းမှာကား ကိုမော်တင်သည် ၎င်း၏တစ်ဦး တည်းသော အစ်မအရင်းခေါက်ခေါက် မေရီအောင်အား လာရောက် ပိုးပန်း နေသောကြောင့်သာ ဖြစ်သတည်း။

သို့ဆိုလျှင် ကိုမော်တင်၏ လာခြင်းကား ကောင်းသောလာခြင်းတည်း။ တစ်နည်းအားဖြင့်ဆိုလျှင် နှစ်အိမ်ထောင် ချစ်ကြည်ရေးအတွက် နှစ်ပြားသော ရွှေဂဟေဆက်ရန် လာရောက်လည်ပတ်နေခြင်းမျှသာဖြစ်သည်။ သို့စဉ်လျက် တင်အောင်ကား ကိုမော်တင်အား အိမ်ရိပ်ပင် လုံးဝမနင်းစေချင်ဘဲ ဖြစ်နေ သည်။

သို့ဖြစ်ရခြင်းမှာ တင်အောင်သည် သဘာဝတရားနှင့် ဆန့်ကျင်၍ အစ်မဖြစ်သူ မေရီအား အပျိုအဖြစ်နှင့်သာ ရှိနေစေချင်သောကြောင့်ဖြစ်သည်။ အပျိုဘဝမှာသာ မြင်တွေ့လိုနေသည်။ သူစိမ်းတစ်ရံဆံသူ ယောကျ်ားပျိုတစ် ဦး၏ (အထူးသဖြင့် တစ်ဦးထက် ပို၍ နှစ်ဦးသုံးဦး၏) ရင်ခွင်တွင်း၌ ပျော် မွေ့နေသည်ကို မကြည့်မမြင်လို၊ စိတ်ကူးထဲမှာပင် ထည့်၍ မစဉ်းစားကြည့် ချင်အောင်ဖြစ်နေလေသည်။ တကယ်တော့ ပန်းပွင့်တို့ မည်သည် ပန်ချင်သူ ပေါများနေချိန်မှာသာ တန်ဖိုးရှိပြီး ပန်ချင်သူပေါများလာမှုကြောင့်သာ ပန်းပွင့် ၏တန်ဖိုးလည်း မြင့်တက်သွားခြင်းဖြစ်သည်ဟူသော ဘောဂဗေဒပညာရပ် ၏ ကကြီး၊ ခကွေး အဆင့်မျှသာ ရှိလေမည့် ကုန်အနုတ်အသိမ်း သဘော တရားလေးကိုပင် တင်အောင်ခမျာ နားမလည်ရှာ။ တစ်ဖန် ပန်းပင်ကလေး ပိုမိုသန်စွမ်းကြီးထွားလှပလာစေရန် ရေကြည်ကလေး လောင်းပေးရသည့် သဘာဝ တရားကိုလည်း ဆန့်ကျင်၍ ရေလောင်းမခံသည့်အပြင် ကျပ်ခိုး စင်ပေါ်တင်ပြီး မီးမြိုက်၍ ခြောက်ကပ်ကပ်ကြီး ဖြစ်နေစေချင်သေးတော့ သည်။

မည်သို့ဆိုစေ၊ တင်အောင်မှာ အစ်မဖြစ်သူအား အပျိုအဖြစ်နှင့်သာ ရှိနေစေချင်၏။ ကိုမော်တင်သာမဟုတ်၊ မည်သည့် သူစိမ်းတစ်ရံဆံသူ

mgyoe.com


ယောက်ျားပျိုသော်မှ မေရီနှားကပ်သည်ကို မတွေ့မြင်လိုပေ။ ဤသည်မှာ တင်အောင်၏ အမြင်ဖြစ်၏။

တစ်ခါ ကိုမော်တင်ဘက်က ပြန်ကြည့်လိုက်လျှင်မူ မေရီအား မိမိ ဂေါ်သည့်ကိစ္စ၌ တင်အောင် သဘောမကျဖြစ်နေသည်မှာ ဘာမှအဓိပ္ပာယ် မရှိ။ တင်အောင်မှာ မေရီ၏ မောင်အရင်းခေါက်ခေါက်ကြီး ဖြစ်နေသော ကြောင့် အစ်မအရင်းခေါက်ခေါက်ကြီးကို ပြန်ယူလို့ ရသည့်ကိစ္စလည်းမဟုတ်၊ သို့ကြောင့် မိမိကဲ့သို့သော ယောက်ျားကောင်း ယောက်ျားမြတ်တစ်ဦးက အစ်မ ဖြစ်သူအား အရေးတယူ ဂေါ်ပေးနေသည့်ကိစ္စ၌ တင်အောင်အနေဖြင့် တာဝန် သိတတ်သော မောင်တစ်ယောက်ပီပီ လိုက်လိုက်လှဲလှဲ ကူညီဆောင်ရွက်ပေးဖို့ ဝတ္တရားပင် ရှိသေးသည်ဟု ယူဆလျက် ရှိနေပြန်သည်။

တကယ်တော့လည်း ကိုမော်တင်နှင့် မေရီအောင်ခေါ် ကြည်ကြည် အောင်တို့၏ အချစ်ရေးကိစ္စတွင် တင်အောင်သာလျှင် တစ်ခုတည်းသော အတားအဆီးကြီး ဖြစ်နေခဲ့လေသည်။ မေရီ၏ မိဘများကပင် ကိုမော်တင် အား တစ်စုံတစ်ရာ ငြင်းစရာမရှိဟု သဘောထားကာ အိမ်သို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာခွင့် ပြုထားခဲ့ပြီးဖြစ်သည်။ တင်အောင်တစ်ယောက် သာ တင်းခံခြင်းရှိမနေခဲ့လျှင် ယခုအချိန်၌ ၎င်းတို့နှစ်ယောက်သည် လင် မယားရန်ဖြစ်ပေါင်းပင် နည်းတော့မည်မဟုတ်ပေ။

တင်အောင်သည် မျက်နှာရတ်တရက် ညိုပုပ်ပုပ်ဖြစ်သွားရာမှ ပို၍ အကြည့်ရဆိုးအောင် နှုတ်ခမ်းကို မသိမသာ ရွဲ့စောင်းလိုက်သေးသည်။ ပြီးမှ–

"ဘာကိစ္စလဲ" ဟု ခပ်ဆတ်ဆတ်မေးလိုက်လေ၏။

ကိုမောင်တင်၏ မျက်နှာမှာကား ချစ်ကြည်ရေးကိစ္စအတွက် ရောက်ရှိ လာသူပီပီ ပြုံးဖြီးဖြီးကြီးဖြစ်သွားပြီး တင်အောင်၏ မေးခွန်းကိုလည်း ရတ်တရက် ပြန်ဖြေခြင်းမပြုသေးဘဲ အတန်ကြာပြုံးပြနေလိုက်ပြီးမှ...

"အော်... အော်... အော်... ညီလေးပါလား၊ ဘယ်သွားမလို့လဲ" ဟု ပြန်မေးလိုက်သည်။

"ဟော့ လူ ကျုပ်ကို ညီလေးမခေါ်ပါနဲ့၊ ကျုပ် ခင်ဗျား ညီလေးမဟုတ် ဘူး၊ ကျုပ်နာမည် တင်အောင်လို့ ခေါ်တယ်"

တင်အောင်က မသိမသာ အော်ပြီးပြောသည်။

mgyoe.com

mgyoe.com

"ဆောရီးညီလေး၊ အဲ... အဲ ကိုတင်အောင်"

သို့ပြန်ပြောရင်း ကိုမော်တင်၏ ဘယ်ဘက်မျက်စိသည် ရုတ်တရက်ဆိုသလို မှိတ်တုတ်မှိတ်တုတ်ဖြစ်သွားရာ တမင် မျက်စပစ်ပြသလို ဖြစ်သွားသောကြောင့် တင်အောင်သည် ဒေါသတကြီး လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်ပြီး အံကြိတ်ထားလိုက်မိလေ၏။

အမှန်၌ကား စကားပြောရင်း ပါးကြောတွန့်၍ ဘယ်ဘက်မျက်စိမှိတ်မှိတ်သွားတတ်သည်မှာ ကိုမော်တင်၏ ဝမ်းတွင်းပါ အဖြစ်ဆိုးတစ်ခုမျှသာ ဖြစ်သည်။ တကယ်တော့လည်း အစစအရာရာ အပြစ်ဆိုစရာမရှိသော လူချောလူခံ့ကြီးတစ်ဦးဖြစ်သည့် ကိုမော်တင်၌ ယင်း အကျင့်ဆိုးကလေးတစ်ခုသည် ခြောက်ပြစ်ကင်းသဲလဲစင် မဖြစ်ရန် တားဆီးသလိုဖြစ်နေလေသည်။ အထူးသဖြင့် ခင်မင်ရင်းနှီးခါစ အမျိုးသမီးအပျိုချောကလေးများနှင့် စကားလက်ဆုံ ကျနေချိန်များတွင်လည်း ဘယ်ဘက်မျက်စိက ရုတ်တရက်ဆိုသလို မှိတ်မှိတ်သွားတတ်ပေရာ ကိုမော်တင်မှာ အားတုံ့အားနာနှင့် အတော်ကသိကအောက် ဖြစ်သွားရသည်ချည်းဖြစ်သည်။ အကြောင်းမသိသော အမျိုးသမီးကလေးများကလည်း တော်တော်ကြီး စိတ်ဆိုးသွားတတ်ကြသည်သာဖြစ်၏။ ယင်းအကျင့်ဆိုးကို ကိုမော်တင်ခမျာ ကြိုးစား၍ သတိထားပါသော်လည်း ဖျောက်ဖျက်၍မရဘဲ ပိုလို့သာဆိုးဝါးလာသလို ဖြစ်နေလေသည်။ သူ့အဖြစ်ကို နားလည်ထားကြသူများကမူ ကိုမော်တင်အား ခွင့်လွှတ်တတ်ကြသည်သာဖြစ်၏။ တင်အောင်အနေဖြင့်လည်း ကိုမော်တင်၌ ယင်းအကျင့်ဆိုးကလေး ရှိနေသည်ကို သိထားပြီးဖြစ်သည်။ သို့သော် ဘယ်တုန်းကမျှ ခွင့်မလွှတ်ခဲ့ဖူးသေးချေ။

ယခုလည်း ရုတ်တရက်ဆိုသလို မျက်လုံးနှစ်ဖက် ကျွတ်ထွက်မတတ်ပြူးကျယ်သွားပြီး...

"ဟေ့လူ ခင်ဗျားကျုပ်ကို ဘာလို့ မျက်စပစ်ရတာလဲဗျ၊ ခင်ဗျားကြီးတောက်"

တင်အောင်သည် ပြင်းထန်စွာ 'တက်' ခေါက်ပြီး လက်သီးရွယ်လိုက်ရာ ကိုမောင်တင်လည်း ကပျာကယာ လက်ကာပြလိုက်ပြီး...

"ဆောရီးပါဗျာ တမင်လုပ်တာ မဟုတ်ပါဘူးဗျ၊ ညီလေးအဲ အဲ

mgyoe.com

mgyoe.com
ကိုတင်အောင်လည်း သိသားနဲ့၊ ကဲ... ကဲ ကျုပ်အထဲဝင်ပါရစေဦးနော်"

တင်အောင်သည် ရုတ်တရက်မကျေနပ်သေးသဖြင့် တံခါးဝနားတွင် ရပ်မြဲရပ်နေရင်း...

"လူကြီးတွေတော့ တစ်ယောက်မှမရှိဘူးဗျ"ဟု တစ်ခါတည်း အပြတ် ပြောလိုက်သည်။ သို့သော်...

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်လည်း လူငယ်တွေနဲ့ပဲ တွေ့ဖို့လာခဲ့တာပါ"

တင်အောင်သည် ပိုဒေါသထွက်လာ၍ တစ်စုံတစ်ခု ပြန်ပြောလိုက်မည် ပြုစဉ်မှာပင် မေရီအောင်သည် ထိုင်ရာကထလာပြီး...

"ဟော့ တင်အောင် လမ်းဖယ်ပေးလိုက်လေ၊ လာ... ကိုမော်တင်"ဟု ဖိတ်ခေါ်လိုက်သောကြောင့် တင်အောင်မှာ မနေသာတော့ဘဲ ကိုယ်ကိုအနည်းငယ် တိမ်းပေးလိုက်ပြီး ကိုမော်တင် အထဲဝင်မိသည်နှင့် တစ်ပြိုင်တည်း တံခါးကို 'ဂျိမ်း'ခနဲ ဆောင့်ပိတ်ခဲ့ပြီး သူ့အခန်းထဲသို့ ဆောင့်ကြီးအောင့်ကြီး ဝင်သွားတော့လေသည်။

မေရီသည် ဧည့်ခန်းရှိ နှစ်ယောက်ထိုင်ဆိုဖာတစ်ခုပေါ် ဝင်ထိုင်လိုက်ပြီး ကိုမော်တင်ကိုပင် ဖိတ်ခေါ်သည့်အနေနှင့် နေရာအနည်းငယ် ရွှေ့ပေးလိုက်သည်။ သို့သော် ထိုအခိုက်အတန့်မှာပင် အခန်းထဲဆောင့်ပြီးဝင်သွားခဲ့သော တင်အောင်ပြန်ထွက်လာသဖြင့် ကိုမော်တင်မှာ မေရီဘေးနားဝင်ထိုင်ရန် ခါးကြီးကုန်းလိုက်ပြီးမှ မထိုင်ဖြစ်တော့ဘဲ စားပွဲဝိုင်းကလေးကို ပတ်၍ မေရီနှင့် မျက်နှာချင်းဆိုင် တစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်ရလေ၏။

တင်အောင်သည် ဧည့်ခန်းထောင့်တစ်နေရာရှိ ရေဒီယိုတင်ထားသော စားပွဲဆီသို့ လျှောက်သွားပြီး စားပွဲအောက်က ကုလားထိုင်ကို ဆောင့်ဆွဲထုတ်လိုက်ကာ 'ဝုန်း'ခနဲ ဆောင့်ထိုင်နေလိုက်သည်။ ၎င်း၏ မျက်နှာမှာလည်း ရုတ်တရက် မှုန်နေသည့် ဂေါ်ရင်ဂျီကုလား၏ မျက်နှာပမာ ညိုပုပ်ပုပ်နှင့် ကျက်သရေ ကင်းမဲ့နေပြီး မျက်လုံးများကမူ ကိုမော်တင်နှင့် မေရီအောင်တို့ စားပွဲဆီသို့သာ ခေါင်းမလှည့်ဘဲ မျက်လုံးထောင့်ကပ်၍ မကြာခဏ သတိထားကြည့်လျက်ရှိနေသည်။ အစ်မဖြစ်သူအားလုံးဝ အလစ်မပေးလိုသည့် သဘောဖြစ်၏။ ၎င်းသည် စားပွဲပေါ်၌ အဆင်သင့်တွေ့ရသော အင်္ဂလိပ်ရုပ်
mgyoe.com

mgyoe.com

ရှင်မဂ္ဂဇင်းတစ်ခုကို ကောက်ယူဖတ်ရှုလျက် ရှိနေသော်လည်း သူ့နားနှစ်ဖက်ကမူ မေရီအောင်တို့ ဘာပြောဆိုလျက်ရှိနေကြသည်ကိုသာ နားစွင့်လျက်ရှိနေလေသည်။

သို့ဖြင့် မေရီအောင်နှင့်ကိုမော်တင်တို့ နှစ်ယောက်မှာ တင်အောင်ဘက်သို့ မကြာခဏ လှည့်ကြည့်လှည့်ကြည့် လုပ်နေရသောကြောင့် စကားပြောမဖြောင့်ဘဲ ရှိနေကြလေ၏။

ထိုအတွင်း မေရီအောင်သည် တစ်စုံတစ်ခု သတိရလာမိသလို ခပ်တွေတွေ ဖြစ်သွားပြီးနောက် တင်အောင်ဘက် လှမ်းကြည့်ကာ...

"သြော် ဒါနဲ့မောင်လေး မမအခုမှပဲ သတိရတယ်၊ ကြည့်စမ်း မနေ့က ပဲ မေမေငါးရံ့ခေါင်းဟင်း စားချင်တယ်ဆိုလို့ ဖေဖေကိုယ်တိုင် 'ရှန်ဟိုင်း' မှာ စပယ်ရှယ်မှာထားခဲ့တာ အခုသွားယူဖို့ အချိန်တောင် နောက်ကျသွားပြီထင်တယ်၊ အဲဒါ မောင်လေး သွားယူလိုက်ပါဦးလား"

မေရီသည် အတတ်နိုင်ဆုံး ချိုပြုံးသော အသံဖြင့် တောင်းပန်လိုက်ရာ...

"နင်သွားယူပါလား၊ ငါနဲ့ဘာဆိုင်လို့လဲ"

တင်အောင်က မျက်စောင်းတစ်ချက်ထိုးပြီး ဘုတောလိုက်လေသည်။

ဤတွင် ကိုမော်တင်သည် စားပွဲပေါ်ချထားသော ကားသော့ကို 'ဖျတ်' ခနဲ ကောက်ယူလိုက်ပြီး မေရီအား "သွားစို့"ဟုဆိုကာ နေရာမှ 'ရုတ်' ခနဲ ထလိုက်သည်။ မေရီလည်း မီးဖိုချောင်ဘက်သို့ လှည့်လိုက်ပြီး...

"ရွှေတင်ရေ ချိုင့်တစ်လုံးယူခဲ့စမ်း" ဟု လှမ်းအော်လိုက်လေ၏။

ထိုအခါမှ တင်အောင်လည်း "နေ–နေ" ဟု ဆိုကာ နေရာမှ ချက်ချင်း ထလာတော့သည်။ ထိုအတွင်း မီးဖိုချောင်ဘက်မှ အိမ်ဖော်မလေး ရွှေတင် ချိုင့်တစ်လုံးဆွဲ၍ ထွက်လာရာ တင်အောင် ကပျာကယာ ပြေးသွားပြီး ချိုင့်ကို ဆွဲယူထားလိုက်သည်။ ထို့ကြောင့် ကိုမော်တင်နှင့် မေရီတို့လည်း နေရာမှာပင် ထိုင်မြဲပြန်ထိုင်နေလိုက်ကြရလေ၏။

"မေမေတို့ အလှူသွားတဲ့ဉစ္စာ အိမ်မှာ ဘယ် ထမင်းပြန်စားတော့မလဲ၊ တို့ကိုတောင် ထမင်းစားစောင့်မနေနဲ့လို့ မှာသွားသေးတယ်"

တင်အောင်သည် လက်ထဲချိုင့်ရောက်လာပြီးမှ မကျေမနပ် ဖြစ်လာ

mgyoe.com

ကာ အစ်မဖြစ်သူအား မျက်လုံးခပ်လွှဲလွှဲထားပြီး ပြောလိုက်သည်။

"ဖေဖေသာ စားချင်စားခဲ့မှာ၊ မေမေတော့ အိမ်ပြန်စားဖို့ သေချာတယ်"

မေရီအောင်က လေသံခပ်အေးအေးနှင့် ပြန်ပြောသည်။ ဆက်ပြီး "ကဲ နင်သွားမှာလား မသွားဘူးလား"

"ကားမှ မရှိဘဲ ဘာနဲ့ သွားမှာလဲ"

"ရော့ရော့ ကားသော့ယူသွား ကိုတင်အောင်၊ ကျွန်တော့်ကား အားပါတယ်"

ကိုမော်တင်က ပျာပျာသလဲ ကားသော့ကို ထိုးပေးလိုက်သည်။

"ခင်ဗျားကားကြီး ကျုပ်မစီးချင်ပါဘူး၊ ကျုပ်ဘတ်စ်ကားနဲ့ပဲ သွားမယ်၊ အစ်မ... ဘတ်စ်ကားခပေး"

မေရီသည် ခါးကြား ဆော်လီအိတ်ထဲသို့ လက်နှိုက်ကြည့်လိုက်ပြီးမှ နေရာကထသွားမည်ပြုရာ ကိုမော်တင်က ကပျာကယာ လက်ကာပြပြီး ညာဘက်ဆောင်းဘီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။ ၎င်း၏ လက်ကို ပြန်ဆွဲထုတ်လိုက်သောအခါ နှစ်ဆယ်တန်တစ်ချပ် ပါလာသဖြင့် မျက်လုံးတစ်ဖက်ကျဉ်းမြောင်းသွားပြီး အောက်နှုတ်ခမ်းကို မသိမသာ ဖိကိုက်မိလေသည်။ ပြီးမှဖြစ်လိုရာဖြစ်ဟု သဘောထားလိုက်မိလေသလား မပြောတတ် "ရော့ရော့" ဟုဆိုကာ နှစ်ဆယ်တန်ကို တင်အောင်အား ကမ်းပေးလိုက်သည်။

တင်အောင်သည် ကိုမော်တင်ထိုးပေးနေသော ငွေစက္ကူကို ခပ်တွေတွေ စိုက်ကြည့်ရင်း ယူသင့်မယူသင့် စဉ်းစားနေလိုက်သည်။ ဘတ်စ်ကားခ အတွက် ငွေနှစ်ဆယ်တန်ကြီးတောင် လှမ်းပေးနေသည်မှာ တော်တော့် စေတနာ မဟုတ်ကြောင်း တင်အောင် ကောင်းကောင်းကြီး စဉ်းစားမိ၏။ မိမိသည် ယနေ့ နှင်းဝါနှင့် ချိန်းဆိုထားသော ကိစ္စလည်း ရှိနေရာ မနက်ခင်းက မိဘများထံမှ ငွေတောင်းထားရန်ကိုလည်း မေ့လျော့သွားမိသောကြောင့် ယင်းငွေသာယူလိုက်ရလျှင် အစစအရာရာ အဆင်ပြေ၍ သွားပေမည်။ မိဘများကိုလည်း အပူကပ်စရာ လိုတော့မည် မဟုတ်ပေ။ သို့သော်...

"ခင်ဗျားဆီက ပိုက်ဆံယူလို့ ကျုပ်ဆီက ဘယ်လို အခွင့်အရေးမျိုးမှ ရမယ်မထင်နဲ့နော်"

တင်အောင်သည် နောက်ပိုင်း မရှင်းမရှင်းဖြစ်မည်ကို စိုးရိမ်သဖြင့်

mgyoe.com

mgyoe.com
ကြိုတင်သတိပေးလိုက်လေသည်။ အနှောင်အဖွဲ့ပါသော အကူအညီမျိုးဆို လျှင် တင်အောင်အနေဖြင့် ယူလိုစိတ်မရှိချေ။

"ဒီလိုသဘောမထားပါဘူး ကိုတင်အောင်ရာ၊ အချင်းချင်းတွေကပဲ"

အကူအညီပေးချင်လွန်းလှသော ကိုမော်တင်သည် အတတ်နိုင်ဆုံး ယဉ်ကျေးသိမ်မွေ့သော အသံနှင့် ပြန်ပြောသည်။

"အချင်းချင်းတွေ မဟုတ်ပါဘူးဗျ၊ တခြားစီပဲ။ ခင်ဗျားစကားပြော သတိထားပါ"

မှန်သည်။ နှောင်ကြိုးမဲ့ အကူအညီတွေ နင်းကန်ပေး၍ အချင်းချင်း တွေ ဖြစ်နေမှပဲဆိုပြီး ထင်ရာလုပ်လာလျှင် မခက်ပါလား။

"ထားပါတော့ဗျာ ထားပါတော့၊ ရော့ ရော့ ယူမယ့်သာ ယူသွားစမ်းပါ။ ကိုယ့်စေတနာကို ခုထိ မရှင်းသေးဘူးလား ကိုတင်အောင်ရာ"

မေရီခမျာ ရယ်ချင်စိတ်ကို မနည်းချုပ်တည်း ထားနေရပုံတွေ့ရလေ သည်။

"အော... ရှင်းလွန်းလို့ မေးနေတာဗျ၊ တော်ကြာ ခင်ဗျားအလိုကျ ဖြစ်မလာလို့ ပြန်တောင်းချင်တောင်းနေမှာ"

'မဟုတ်တာ ကိုတင်အောင်ကလည်း၊ ရော့... ရော့..."

ထိုအခါမှ တင်အောင်လည်း နှစ်ဆယ်တန်ကို 'ဖတ်'ခနဲ ဆွဲယူလိုက် ပြီး အောက်ထပ်သို့ ခပ်သုတ်သုတ် ပြေးဆင်းသွားတော့လေသည်။

၎င်းထွက်သွားတော့မှပင် ကိုမော်တင်လည်း သက်ပြင်းတစ်ချက် မှုတ် ထုတ်လိုက်ပြီး မေရီ့မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ရင်း ပါးစပ်မဟဘဲ ပြုံး နေလိုက်လေ၏။ မေရီသည် ကိုမော်တင်၏ အကြည့်ကို မခံနိုင်သည့်အလား လက်ဝါးနှစ်ဖက်ကို ပွတ်သပ်ကစားရင်း ခေါင်းကို မသိမသာ ငုံ့ပစ်လိုက် သည်။

၎င်းတို့နှစ်ယောက်သည် ကောလိပ်မှာ အတူနေစဉ်ကတည်းက ချစ် ကြိုက်နေခဲ့ကြသူများဖြစ်၏။ သို့သော် မေရီမှာ ကိုမော်တင်ထက် ၂ နှစ်မျှ ဂျူနီယာကျသဖြင့် ယခုမှ ဘီအေအီးဒီနောက်ဆုံးနှစ် တက်နေရတုန်းဖြစ်ပြီး ကိုမော်တင်မှာမူ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘီအက်(စ်)စီ အောင်ပြီး နောက် အင်းစိန် စုံထောက်အဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်နေရာမှ အမေရိကန်
mgyoe.com

နိုင်ငံသို့ စုံထောက်ပညာကို သွားရောက်လေ့လာ ဆည်းပူးခဲ့ပြီး ဖြစ်သည်။ မေရီအောင် ဒီဂရီရပြီးသည်နှင့် တစ်ပြိုင်နက် လက်ထပ်ကြရန်ကိုလည်း နှစ်ဦးသဘောတူ ဆုံးဖြတ်ထားခဲ့ကြပြီးဖြစ်၏။

"ဘာလို့ ခေါင်းကြီးငုံ့ထားရတာလဲ"

ကိုမော်တင်သည် ပြောပြောဆိုဆို ထိုင်ရာထလာပြီး မေရီထိုင်နေသော နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် မေရီနှင့် ကိုယ်လုံးချင်းကပ်ပြီး ဝင်ထိုင်လိုက်သည်။ မေရီသည် စကားတစ်ခွန်းမျှပြန်မပြောဘဲ တစ်ဖက်သို့ မျက်နှာလှည့်သွားမည်ပြုရာ ကိုမော်တင်လည်း ညာဘက်လက်ဖြင့် မေရီ၏ ပခုံးကိုသိုင်းဖက်ပြီး ဘယ်လက်ဖြင့် မျက်နှာကို မိမိဘက်သို့ အသာ ဆွဲလှည့်လိုက်သည်။ နောက် အားမလိုအားမရဖြစ်လာဟန်ဖြင့် မေရီပါးပေါ် နှာခေါင်းသရမ်းရန် တဖြည်းဖြည်းချဉ်းကပ်သွားသည်။ ထိုစဉ်...

"ဒေါက်... ဒေါက်... ဒေါက်" ဟူသော ရှူးဖိနပ်သံနှင့်အတူ အိမ်ရှေ့တံခါးပွင့်အလာသဖြင့် ကိုမော်တင်လည်း ရုတ်တရက် နေရာပြင်ထိုင်ကာ ဣန္ဒြေရရပြန်ထိုင်နေလိုက်ရသည်။

အထဲဝင်လာသူကား တင်အောင်ပင်ဖြစ်သတည်း။

တင်အောင်သည် ၎င်းတို့နှစ်ယောက်အား လှည့်မကြည့်ဘဲ စောစောကထိုင်နေသော စားပွဲဆီသို့ လျှောက်သွားလေသည်။

ကိုမော်တင်နှင့် မေရီတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေမိကြသည်။ တင်အောင်ထွက်သွားသည်မှာ နှစ်မိနစ်ခန့်မျှသာ ရှိသေးပေရာ တက္ကစီငှားသွားဦးတော့ ထိုမျှ မြန်ဆန်နိုင်မည်မဟုတ်ဟု စဉ်းစားမိကြသောကြောင့် ဖြစ်သည်။ ၎င်းဝင်လာခါစ၌ မေရီခမျာဣန္ဒြေပျက်မတတ်ဖြစ်သွားမိသော်လည်း ခဏကြာ၌ တစ်ခန်းလုံးတိတ်ဆိတ်သွားသောအခါ စိတ်ပြန်တည်ငြိမ်သွားလေသည်။ သို့နှင့်...

"တင်... တင်အောင်၊ နင်မသွားဘူးလား"

တင်အောင်သည် ပါးစပ်မှ ပြန်မပြောဘဲ ခေါင်းခါပြသည်။

"ဘာဖြစ်လို့လဲ"

မေရီ ပါးစပ်အဟောင်းသားဖြစ်ကာ ပြန်မေးသည်။

"သွားစရာမလိုတော့ဘူး"

mgyoe.com
mgyoe.com

mgyoe.com
"ဘာဖြစ်လို့လဲ"

မေရီ ပို၍ အံ့အားသင့်ပြီး ပြန်မေးသည်။

"အောက်ထပ်ကနေပြီး ဟိုတယ်ကို တယ်လီဖုန်း ဆက်လိုက်တယ်၊ ခဏကြာလာပို့မယ်တဲ့"

တင်အောင့်အဖြေကြောင့် ကိုမော်တင်ခမျာစိတ်ထဲက 'ဟိုက်' ခနဲ ဖြစ်သွားကာ သက်ပြင်းရှည်တစ်ချက်ထုတ်ရင်း ဘယ်ဘက်လက်ဝါးဖြင့် နဖူးကို ခပ်ဆတ်ဆတ်ကလေး ရိုက်ချလိုက်မိလေ၏။

❐

mgyoe.com

mgyoe.com

# အခန်း ၂

## မချစ်သော်လည်း

"ဩော် လာကြပါ၊ လာကြပါ၊ ထိုင်လေ မောင်မော်တင်၊ သမီးရေ ဟောဒီမယ် မင်းအစ်ကိုကြီးနဲ့ ဦးလေးရော ဒေါ်ဒေါ်တို့ရော ပါလာကြတယ်"

အိမ်မှာ ပွဲစားကြီး ဦးထွန်းအောင်၏ အိမ်ခြံနှင့် မျက်စောင်းထိုးခန့်တွင် ရှိသော အဝေးပြေး ကုန်တင်ကားကြီးများ ပိုင်ရှင်ဦးဘမောင်နှင့် ဒေါ်နှင်းဝေတို့၏ ခြံတွင်းရှိ အိမ်ပေါ်တွင် ဖြစ်သည်။

ဦးဘမောင်နှင့် ဒေါ်နှင်းဝေတို့သည် မနှင်းနှင်းခေါ် နှင်းဝါ၏ မိဘများဖြစ်ကြပြီး စုံထောက်ကြီးကိုမော်တင်၏ မိဘများဖြစ်သော ဦးမော်ဟန်၊ ဒေါ်ချစ်တင်တို့နှင့် တစ်မြို့တည်းသားများဖြစ်၍ အလွန်ရင်းရင်းနှီးနှီးရှိနေကြသူများဖြစ်သည်။ သို့ဖြစ်၍လည်း လူကြီးလုပ်သူများက ကိုမော်တင်နှင့် မနှင်းနှင်းခေါ် မနှင်းဝါတို့နှစ်ယောက်အား အခါအားလျော်စွာ နေရာချထားပေးရန် စိစဉ်ဆုံးဖြတ်ထားခဲ့ကြပြီးလည်း ဖြစ်လေသည်။ ဤအကြောင်းကို လူငယ်နှစ်ယောက်အားလည်း အသိပေးထားခဲ့ပြီးဖြစ်လေ၏။ သို့သော် လူငယ်နှစ်ယောက်မှာကား အချင်းချင်းဘယ်လိုမှ ဘယ်လိုမှ နီးစပ်မှုမရနိုင်လောက်အောင်ဖြစ်နေကြသည်။ ၎င်းတို့နှစ်ယောက်စလုံးပင် တစ်ယောက်ကို တစ်ယောက် ကြည့်မရအောင်ပင် အမုန်းဋ္ဌီကာ ချဲ့နေမိကြသောကြောင့် ဖြစ်သည်။ အကျိုးတရားသည် အကြောင်းတရားပေါ်တွင် အခြေခံသည်ဟု ဆိုထားပါသော်လည်း ကိုမော်တင်နှင့် နှင်းဝါတို့ နှစ်ယောက်ကြားက ပေါ်ပေါက်လျက်ရှိသော တင်းမာမှုမှာမူ ဘယ်လိုမှ စဉ်းစား၍ မရနိုင်အောင်

mgyoe.com

mgyoe.com

ဖြစ်နေလေသည်။ နှင်းဝါ၏ အလှသည်လည်း တကယ်တော့ စာတစ်ပုဒ်ဖွဲ့လောက်သည်သာဖြစ်သည်။ သို့သော် ကိုမော်တင်အနေဖြင့် ယင်းအလှကို စိတ်ထဲကတောင် မချီးကျူးမိပေ။ တစ်ဖန်ကိုမော်တင်၏ ရုပ်ရည်မှာလည်း အများ သိကြပြီးအတိုင်း ဖြစ်သည်။ သို့သော် နှင်းဝါကမကြိုက်။

ဟိုယခင်တုန်းကဆိုလျှင် ၎င်းတို့နှစ်ယောက်သည် မေးထူးခေါ်ပြောမှုလောက်တော့ ရှိခဲ့ကြသေးသည်။ နောက်ပိုင်းလူကြီးလုပ်သူများက ၎င်းတို့၏ ဆန္ဒကို အတိအလင်းထုတ်ပြန်ကြေညာလိုက်သည်မှစ၍ မေးထူးခေါ်ပြောမှုပင် မပြုတော့ဘဲ ကြောင်နှင့်ခွေးလို တွေ့တိုင်းရန်ထောင်နေကြတော့သည်။ ၎င်းတို့အချင်းချင်း စကားများရန်ဖြစ်ကြလေတိုင်း ကိုမော်တင်သာ ဒိုင်ခံပြီး အဆူခံရတတ်သည်ချည်းဖြစ်သည်။ အကြောင်းမှာ ကိုမော်တင်သည် အသက်အားဖြင့် လူလတ်ပိုင်းသို့ရောက်လာပြီဖြစ်၍ နှင်းဝါ၌ အပြစ်ရှိသည်တိုင်အောင် ၎င်းက သည်းခံ ခွင့်လွှတ်ပြီး သွန်သင်ဆုံးမနိုင်ရမည်ဟု လူကြီးလုပ်သူများက ယူဆထားမိကြသောကြောင့်ဖြစ်သည်။ သို့သော် လူကြီးလုပ်သူများ၏ သဘောဆန္ဒအတိုင်းကား ဖြစ်မလာခဲ့ပါချေ။ ယနေ့ညနေ အိမ်ကထွက်လာခဲ့ကြစဉ်မှာပင် ဦးမော်ဟုန်နှင့် ဒေါ်ချစ်တင်တို့သည် ကိုမော်တင်အား မည်သို့ပြော၊ မည်သို့ဆို၊ မည်သို့ထိုင်၊ နောက်ပြီး အထူးသဖြင့် နှင်းဝါနှင့်မည်သို့ဆက်ဆံ စသည်စသည်ဖြင့် တစ်လမ်းလုံး တတွတ်တွတ်မှာကြားလာခဲ့ကြရလေသေးသည်။ သို့ကလို မိဘနှစ်ပါးက မှာကြားပြောဆိုလာပြန်တော့လည်း ကိုမော်တင်က တစ်လမ်းလုံး ခေါင်းတညိတ်ညိတ်နှင့်...

လူကြီးလုပ်သူများ ဧည့်ခန်းတွင် အသီးသီး ထိုင်မိကြစဉ်မှာပင် မီးဖိုချောင်ဘက်သွားသော တံခါးမှ ပန်းနုရောင်ခန်းစည်းကလေးသည် ရုတ်တရက် လှုပ်ရှားလာပြီး နှင်းဝါတစ်ယောက် ဧည့်ခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

ကိုမော်တင်သည် မိခင်ဆောနားဝင်ထိုင်မည်ပြုပြီးမှ ပြန်ထလိုက်ရင်း...။

"ဩော် ညီမလေး နေကောင်းတယ်နော် ဟဲ... ဟဲ...." ဟု အကောင်းဆုံး လေယူလေသိမ်းတို့ဖြင့် စတင်နှုတ်ဆက်လိုက်သည်။

"ရှင်လူကို မျက်စမပစ်ပါနဲ့၊ လူကြီးတွေရှေ့ ဒီလောက် မိုက်ရိုင်းရသလား..."

mgyoe.com

mgyoe.com

ကိုမော်တင် မျက်နှာ 'ကွက်' ခနဲ ပျက်သွားသော်လည်း ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး...

"ညီမလေးကလည်းကွယ်... အဲဒါအစ်ကိုကြီးရဲ့ အကျင့်ပဲဟာကို ခွင့်လွှတ်ဖို့သင့်ပါတယ်"

"ဟုတ်သားပဲ သမီးကလည်း နင့်အစ်ကိုကြီးမှာ ဒီသူငယ်နာကြော ရှိနေမှန်းသိသားနဲ့..."

နှင်းဝါ၏ အမေ ဒေါ်နှင်းဝေကလည်း ကိုမော်တင် စကားကို ဝင်ထောက်ပေးလိုက်သည်။ နှင်းဝါကမူ တစ်စုံတစ်ရာ ပြန်မပြောတော့ဘဲ နှုတ်ခမ်းကိုသာ စူထားလိုက်လေသည်။

လူကြီးလေးယောက်စလုံးကပင် ၎င်းတို့နှစ်ယောက်၏ အရိပ်အကဲကိုသာ အကဲခတ်ကြည့်နေကြလေရာ၊ အထူးသဖြင့် ကိုမော်တင်၏ဖခင် ဦးမော်ဟန်မှာ တထိတ်ထိတ်ပူပန်နေပုံတွေ့ရလေသည်။

ကိုမော်တင်သည် စကားဆက်မပြောလိုတော့သဖြင့် နေရာတွင် ထိုင်လိုက်ရန် ဘောင်းဘီစနှစ်ဖက်ကို ပေါင်လယ်ခန့်တွင် အပေါ်သို့ဆွဲမရင်း ခါးအနည်းငယ် ကုန်းလိုက်သည်။ သို့ရှိစဉ် ဖခင်ဦးမော်ဟန်နှင့် မျက်လုံးချင်း ရင်ဆိုင်သွားမိရာ ဖခင်ဖြစ်သူ၏ စောစောကမှာ ကြားခဲ့သော စကားလုံးများကို တစ်လုံးစီပြန်သတိရလာသဖြင့် မထိုင်ဖြစ်သေးဘဲ နှင်းဝါဘက်သို့ လှမ်းကြည့်လိုက်မိပြန်သည်။ ထိုအတွင်း နှင်းဝါကလည်း အကြည့်၊ အကြည့်ချင်းဆုံသွားမိကြလေရာ ကိုမော်တင်သည် ရုတ်တရက်ဘာပြောရမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်သွားပြီးမှ နှုတ်ထဲရောက်မိရောက်ရာ....

"အော်... ဟော်... ဟော်...၊ ညီမလေး ကိစ္စပြီးပလား" ဟု လွှတ်ခနဲ မေးလိုက်မိလေသည်။

နှင်းဝါ ရုတ်တရက် မျက်လုံးပြူးသွားပြီး...

"ဘာ... ဘာ ကိစ္စပြီးရမှာလဲ..."

ကိုမော်တင်သည် စကားပြောမှားသွားကြောင်း ရုတ်တရက်သတိရလိုက်မိသဖြင့် ဘယ်ဘက်မျက်စိလည်း 'အော်တိုမက်တစ်' မှိတ်တုတ်မှိတ်တုတ် ဖြစ်သွားသည်။

"အို... အို... ဟို ထမင်းစားပြီးကြပလားလို့ မေးတာပါ"

mgyoe.com

mgyoe.com



ယင်းအဖြေကြောင့် လူကြီးလုပ်သူများ 'ဝါးခနဲ' ဖြစ်သွားကြရာ နှင်းဝါသည်ပင် ရောင်ရောင်ကလေး ပြုံးလိုက်မိလေသည်။ ကိုမော်တင်လည်း ရှက်ကိုးရှက်ကန်း ပြုံးလိုက်ပြီးမှ သူ့အမေဘေးနားဝင်ထိုင်လိုက်လေ၏။

"မစားရသေးဘူး၊ ရှင်ကျွေးမလား"

ကိုမော်တင် ရှက်ကိုးရှက်ကန်းဖြစ်နေသည်ကို သဘောကျ၍ ပိုပြီး ကြွေပျက်သွားစေရန် နှင်းဝါက အတွန်းသဘောဖြင့် ပြန်စလိုက်သည်။ သို့သော် ကိုမော်တင်မှာ စိတ်ပြန်လည် တည်ငြိမ်သွားပြီဖြစ်၍ ခေါင်းခါရင်း...

"ဟင့်အင်း ကိုယ့်ဘာသာကိုယ်ချက်စားပေါ့" ဟု ပြန်ဖြေလိုက်ရာ ဧည့်ခန်းတစ်ခုလုံး 'ဝါး' ခနဲ ဖြစ်သွားကြပြန်လေ၏။

ထိုနောက် တစ်ခန်းလုံး ခဏတာမျှ တိတ်ဆိတ်၍ သွားရာဦးဘမောင်သည် ထိုင်ရာမှထလိုက်ပြီး...

"ကဲ... ငါတို့ ရွှေတိဂုံဘုရားကို ခဏသွားကြမလို့၊ မင်းတို့မောင်နှမ နှစ်ယောက်တော့ လိုက်ချင်ကြမှာမဟုတ်ဘူး၊ ခဏနေရစ်ကြဦးနော်" ဟု ဆို လိုက်သဖြင့် ကျန်လူကြီးသုံးယောက်လည်း မတ်တတ်ထလိုက်ကြသည်။

ထိုအခါ နှင်းဝါက "ကျွန်မလည်းလိုက်မယ်" ဟု ပြောပြောဆိုဆို အိပ်ခန်းတွင်းသို့ ပြေးဝင်သွားရာ ဒေါ်နှင်းဝေက...

"သမီး မလိုက်ခဲ့နဲ့၊ မေမေတို့သိပ်မကြာဘူး ပြန်လာမယ်" ဟု ပြောကာ တစ်ဆက်တည်း ကိုမော်တင်ဘက်လှည့်ပြီး...

"မောင်တို့ခဏထိုင် စကားပြောနေကြဦးနော်..." ဟု ပြောလိုက်လေ၏။

ကိုမော်တင်လည်း "ဟုတ်ကဲ့" ဟုဆိုကာ အရိုအသေ ပြုသည့်သဘောဖြင့် ခါးကုန်းထလိုက်ပြီးနေရာမှာပင် ပြန်ထိုင်နေလိုက်လေသည်။

ထိုအတွင်း နှင်းဝါနူတ်ခမ်းစူပြီး အခန်းထဲက ထွက်လာရာမျက်နှာထား နှင့် ကြည့်နေသော ဖခင်ဦးဘမောင်နှင့် မျက်နှာချင်းဆိုင်မိသွားသဖြင့် တစ်စုံ တစ်ရာ မပြောဆိုတော့ဘဲ အိပ်ခန်းထဲသို့ စူဆောင့်ပြီး ပြန်ဝင်သွားလေသည်။

"ဟော့ သမီး၊ နင့်အစ်ကိုကြီးနဲ့ ထွက်ပြီး စကားပြောလေ"

ဒေါ်နှင်းဝေသည် နှင်းဝါအား နောက်ဆုံးလှမ်းပြောလိုက် ပြီးနောက် လူကြီးလေးယောက်စလုံးပင် အပြင်သို့ ထွက်ခွာသွားကြတော့လေသည်။

လူကြီးများသည် ကိုမော်တင်နှင့် နှင်းဝါတို့နှစ်ယောက် ပိုမိုရင်းနှီးမှုရှိ

mgyoe.com

mgyoe.com


ကြစေရန် တမင်ချန်ထားခဲ့ကြခြင်း ဖြစ်လေ၏။ သို့သော် လူငယ်နှစ်ယောက်မှာကား....

ကိုမော်တင်သည် ဧည့်ခန်းတွင်တစ်ယောက်တည်း ပျင်းရိစွာနေထိုင်ရာမှ ဘယ်ဘက်အောင်းဘီအိတ်တွင်းမှ စီးကရက်ထုတ်ယူလိုက်ပြီး စီးကရက်တစ်လိပ်ကို လေးလေးတွဲ့တွဲ့မီးညှိလိုက်လေသည်။ ပြီးနောက် မီးခိုးကိုအပေါ်သို့မော့၍ တဖြည်းဖြည်းချင်း မှုတ်ထုတ်လိုက်ရင်း....

"နှင်းဝါရယ်...၊ ညီမလေး...." ဟု ခေါ်လိုက်သည်။

ယင်းခေါ်သံကြောင့် နှင်းဝါ ရုတ်တရက် ဧည့်ခန်းသို့ထွက်လာပြီး...

"ဘာကိစ္စလဲ" ဟု အသံခပ်မာမာဖြင့် မေးလိုက်လေသည်။

"ကိစ္စကတော့ အယ် ငါတစ်ယောက်တည်း ထိုင်နေရတာ ပျင်းလို့ပါ..."

ကိုမော်တင်သည် လက်နှစ်ဖက်ဆန့်တန်း၍ ပျင်းရိစွာ သမ်းဝေလိုက်ပြီးမှ နှင်းဝါကိုမကြည့်ဘဲ ပြန်ဖြေသည်။

"အဲဒါ ကျွန်မက ဘာလုပ်ပေးရမှာလဲ"

ကိုမော်တင်သည် နှင်းဝါ၏ အမေးကြောင့် အသံခပ်အုပ်အုပ်တစ်ချက်ရယ်လိုက်ပြီး...

"မသိဘူးလေ၊ နှင်ဘာလုပ်တတ်တယ်ဆိုတာ ငါမှမသိဘဲ၊ ဟဲ... ဟဲ... ဟဲ..."

နှင်းဝါသည် ရုတ်တရက် ဒေါသထွက်သွားမိသော်လည်း တစ်စုံတစ်ခုစဉ်းစားမိလာသဖြင့် စိတ်ကိုချက်ချင်း ပြန်ချုပ်တည်းလိုက်ပြီး ကိုမော်တင်နှင့် မျက်နှာချင်းဆိုင်ခုံတွင် ခပ်ဆောင့်ဆောင့်ဝင်ထိုင်လိုက်သည်။ ပြီး...

"ဒီမယ် ကိုမော်တင်၊ မပြောလို့လည်း မပြီးတဲ့ကိစ္စမို့ ရှင့်ကို ခပ်ရှင်းရှင်းပဲ ပြောတော့မယ်၊ လူကြီးတွေက ရှင်နဲ့ကျွန်မကိုနေရာချထားဖို့ စီစဉ်ထားကြတယ်ဆိုတာ ရှင်လည်းသိပြီး ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ကျွန်မ ရှင့်ကို အရင်တုန်းကလည်း မချစ်ဘူး၊ အခုလည်းမချစ်ဘူး၊ နောင်ကိုလည်း ချစ်နိုင်မယ်မဟုတ်ဘူး။ အဲဒီလို မချစ်နိုင်တဲ့အပြင် ကျွန်မမှာ ချစ်သူလည်းရှိနေပြီ ဒါပဲ..."

နှင်းဝါသည် ကရားရေလွှတ်သလို ဒေါသကလေးဖြင့် ပြောလိုက်သော်လည်း ကိုမော်တင်မှာ သိပ်ပြီးစိတ်ဝင်စားခြင်းမရှိလှသည့် အမူအရာဖြင့်...

"ဒီလိုဆိုတော့ ငါအခု ငိုရတော့မှာလား" ဟုသာ ပြန်ပြောလိုက်လေ

mgyoe.com

mgypce.com

သည်။

"ဒီမယ်၊ ရှင်နောက်စရာမလိုပါဘူး၊ ကျွန်မစကားအကောင်း ပြောနေပါတယ်။ ကျွန်မ သိရသလောက်တော့ ရှင်လည်း ကျွန်မကို မကြိုက်ပါဘူး။ ဒါကြောင့် ရပ်တန်းကရပ်ပြီး ရှင်နဲ့ကျွန်မ ခပ်တန်းတန်းပဲ နေထိုင်ကြရင် ကောင်းမယ်ထင်တယ်၊ ဘယ့်နှယ်လဲ"

ကိုမော်တင်သည် လက်နှစ်ဖက်မြှောက်ပြီး တစ်ချက်သမ်းဝေလိုက်ပြန်၏။ ပြီး...

"တစ်ယောက်နဲ့တစ်ယောက် မချစ်နိုင်ကြရုံနဲ့ မုန်းကြစတမ်းဆိုတာတော့ မဟုတ်သေးဘူးထင်တယ်၊ မဟုတ်ဘူးလား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ရှင်နဲ့ကျွန်မဆက်ဆံဖို့ အကြောင်းမှမရှိဘဲ၊ ခပ်တန်းတန်း နေလိုက်ကြရုံပေါ့"

"အင်းလေ... ဘယ်လိုပဲဖြစ်ဖြစ် ပြဿနာတစ်ခုဆိုတာ ချက်ချင်းကြီးဆုံးဖြတ်လို့တော့ သင့်လျော်မယ်မထင်ဘူး၊ ငါသေသေချာချာ စဉ်းစားကြည့်ပါဦးမယ်လေ"

ကိုမော်တင်က ကြံဖန်စကားကြောရှည်နေသဖြင့် နှင်းဝါမသိမသာ ဒေါသထွက်လာပြန်လေ၏။ သို့သော်လည်း ဤတစ်ကြိမ်တွင်မူ ၎င်း၏ ဒေါသသည်အပြင်သို့ ကားထွက်မလာတော့ချေ။

"ရှင် ဘာမှစဉ်းစားနေစရာ မလိုပါဘူး၊ ရှင့်မလည်းရည်းစားရှိတယ်ဆိုတာ ကျွန်မသိပြီးသားပဲ။ အဲဒီတော့ ရှင်တို့ နှစ်ယောက် မြန်မြန်လက်ထပ်လိုက်ကြရင် ကောင်းမယ်"

"နို့ နင်ကလည်း ခုနတုန်းက ရည်းစားရှိတယ်လို့ ပြောတယ်မဟုတ်လား၊ နင်က အရင် လက်ထပ်လိုက်တော့ကော ဘာဖြစ်သေးသလဲ။ ဒါနဲ့ စကားမစပ် နင့်ရည်းစားက ဘယ်သူလဲ"

"ဒါ... ရှင်သိစရာ မလိုပါဘူး၊ ဒါပေမဲ့ ကျွန်မ တကယ်ပြောနေတယ်ဆိုတာ ရှင်သိသွားအောင် ပြောပြလိုက်မယ်၊ ဟိုဘက်ခြံက ရှင့်ရည်းစားရဲ့ မောင်ပဲ၊ နာမည်ကတင်အောင်လို့ခေါ်တယ်"

"ဟိုက်... နင်နဲ့ငါမှ ကြံဖန်ပြီးဆွေမျိုးတော်စပ် နေကြဦးမှာပါလား"

သို့ပြောပြီး ကိုမော်တင်သည် အနည်းငယ် စိတ်ဝင်စားခြင်း ရှိလာဟန်

mgype.com

mgyoe.com

ဖြင့် နေရာအနည်းငယ်ပြင်ထိုင်လိုက်သည်။

"ကျွန်မလည်း အဲဒါစဉ်းစားမိလို့ သူ့ကိုတောင်စကား အတိအကျ မပြန်ရသေးဘူး၊ မနက်ဖြန် သူနဲ့ချိန်းထားတယ်...၊ မနက်ဖြန်မှပဲ သူ့ကို အကြောင်းပြန်ဖို့ စဉ်းစားထားပြီးပြီ။ သူ့အစ်မ မေရီနဲ့ ရှင်ကြိုက်နေတယ်ဆိုတာ ကျွန်မသိသားပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ရှင်နဲ့ကျွန်မ တစ်အိမ်တည်းအတူနေကြမှာမှ မဟုတ်ဘဲ၊ အကြောင်းမဟုတ်ပါဘူး"

နှင်းဝါ၏စကားအဆုံးတွင် ကိုမော်တင် ခေါင်းတညိတ်ညိတ် လုပ်လိုက်သည်။ နောက် တစ်စုံတစ်ခု သဘောကျမိသည်အလား ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး...

"ကောင်းပြီလေ... နင် သဘောကျသလိုပဲ လုပ်ပေတော့၊ ကိုင်း ဖေဖေတို့ပြန်လာရင် ငါပြန်နှင့်ပြီလို့ ပြောပြလိုက်နော်"

ကိုမော်တင်သည် ပြောပြောဆိုဆို လူကြီးများပြန်ရောက်မလာမီ အိမ်ကြီးပေါ်က ထွက်ခွာသွားလေ၏။

× × ×

အထက်ပါဖြစ်ရပ်မှာ ယမန်နေ့က ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်တစ်ခုမျှသာ ဖြစ်လေသည်။

ကိုမော်တင်သည် အထက်ပါဖြစ်ရပ်ကို တစ်လုံးစီပြန်စဉ်းစားမိရင်း မေရီအောင်တို့အိမ်မှ ထွက်လာသောအခါ နံနက် ၁၁ နာရီ ထိုးနေပြီဖြစ်သည်။ သူသည် တင်အောင်၏ အနှောင့်အယှက်ပေးမှုကြောင့် လင်းတမှိုင်မှိုင်ပြီး ထွက်လာခြင်းဖြစ်ရာ တင်အောင်အပေါ် တော်တော်ကြီး မကျေမချမ်းဖြစ်နေမိလေသည်။ အကယ်၍သာ မေရီအောင်အပေါ် ချစ်နေမိသော မေတ္တာအစိုင်အခဲ ပမာဏသည် မြင်းမိုရ်ရွှေတောင်လောက် ကြီးမားခြင်း မရှိခဲ့ပါလျှင် ထိုအိမ်ကြီးသို့ နောက်တစ်ခေါက် ပြန်လာရန်ကို စိတ်ကူးထဲပင် ထည့်ချင်တော့မည်မဟုတ်ပေ။ ယခုတော့ မေရီအောင်အပေါ် အသည်းနှင့်အောင်ချစ်နေမိသည်ဖြစ်၍ ကိုမော်တင်သည် တင်အောင်ကိုသာ စိတ်ထဲကကျိန်ဆဲလျက် ရှိနေမိလေသည်။

ထိုအတွင်း အကြံတစ်ခုသည် ၎င်း၏ ဦးနှောက်တွင်းသို့ လျှပ်စီးလက်သည့်ပမာ 'ဖျတ်' ခနဲ ဝင်ရောက်လာရာ စောစောက ကြံစည်စိတ်ကူးထားသော

mgyoe.com

mgyoe.com



မြို့တွင်းသို့ လျှောက်လည်ရန် အစီအစဉ်ကို ရုတ်တရက် ဖျက်သိမ်းလိုက်ပြီး ကားကလေးကို နှင်းဝါတို့ ခြံဘက်သို့ ချိုးကွေ့မောင်းနှင်သွားမိလေတော့သည်။ သို့ ချိုးကွေ့လိုက်ရင်း နောက်ကြည့်မှန်ကို မော်ကြည့်လိုက်ရာ တင်အောင်သည် နှင်းဝါတို့ခြံဘက်ဆီသို့ ဦးတည်လျှောက်လာနေရာမှ ရုတ်တရက် ရပ်တန့်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။ ဤတွင် ကိုမော်တင်လည်း တစ်ကိုယ်တည်း ကျေနပ်စွာ ပြုံးလိုက်ပြီး မှန်ထဲသို့ နောက်တစ်ခါ ပြန်ကြည့်လိုက်လေသည်။ တင်အောင်နောက်ပြန်လှည့်သွားသလို တွေ့မြင်လိုက်ရလျှင်ကား ကိုမော်တင်မှာ ဝမ်းသာလုံးဆို့ပြီး စိတ်ထဲကယားကျိကျိကြီးပင် ဖြစ်လာမိလေ၏။

သို့သော် ယင်းမြင်ကွင်းကြောင့် သဘောမကျ ဖြစ်သွားသူ နောက်တစ်ဦးမှာ နှင်းဝါပင်ဖြစ်သည်။ နှင်းဝါသည် အိမ်အပေါ်ထပ် ပြတင်းပေါက်တစ်နေရာတွင် ရပ်နေရာမှ ထိုအခြင်းအရာကို အစအဆုံး တွေ့မြင်လိုက်ရသဖြင့် နှုတ်ခမ်းစူစူ၊ မျက်နှာညိုးညိုးဖြစ်သွားပြီး အတွင်းခန်းသို့ ချာခနဲ လှည့်ဝင်သွားလေ၏။

ကိုမော်တင် ရောက်လာချိန်၌ ခြံထဲတွင် ကုန်တင်လော်ရီကား ၄ စီးသည် ခရီးမထွက်ရသဖြင့် ဒရိုင်ဘာနှင့် စပယ်ယာများက ကားကြီးများကို ပြုပြင်လျက်ရှိနေသည်ကို တွေ့ရသည်။

ကိုမော်တင်လည်း ကားကလေးကို ဆင်ဝင်အောက်တွင် အသာထိုးရပ်လိုက်ပြီး ရုတ်တရက် မဆင်းသေးဘဲ စီးကရက်တစ်လိပ်ထုတ်ယူမီးညှိလိုက်ပြီး နှင်းဝါနှင့်တွေ့လျှင် မည်သို့ပြောဆိုရမည် ဆိုသည့်အကြောင်းကို ပြန်စဉ်းစားနေလိုက်သည်။ ပြီးမှ တံခါးကို အသာဖွင့်ပြီး အောက်ဆင်းလိုက်လေ၏။

"ဟော မောင်မော်တင်ပါလား၊ တစ်ယောက်တည်းလားကွ။ သွားအပေါ်တက်သွား၊ မင်းနှမတောင် မင်းကို စောင့်နေလေရဲ့၊ ဦးတော့အပြင်သွားစရာရှိလို့နော်"

ထိုအခိုက်မှာပင် အပေါ်ထပ်ကဆင်းလာသော ဦးဘမောင်သည် ကိုမော်တင်အား ဝမ်းသာအားရနှုတ်ဆက်ခြင်း ပြုလိုက်ရာ ကိုမော်တင်ကလည်း "ဟုတ်ကဲ့ဦး" ဟု ဆိုကာ ခေါင်းငုံ့အရိုအသေပြုလိုက်ပြီး ကားသော့တွဲကို လက်ညှိုးကြားဆွဲလှည့်ကစားရင်း လေတချွန်ချွန်ဖြင့် အိမ်ပေါ်သို့တက်

mgyoe.com

mgyoe.com

သွားလေသည်။

ကိုမော်တင်သည် အိမ်ရှေ့တံခါးကို ခေါက်မနေတော့ဘဲ အသာဆွဲဖွင့်ပြီး ဝင်လိုက်ရာ ၎င်းဝင်သည်နှင့်တစ်ပြိုင်နက် ဧည့်ခန်းတစ်နေရာတွင် ရပ်နေသော နှင်းဝါသည် အိပ်ခန်းတွင်းသို့ လှည့်ဝင်သွားရန် ခြေလှမ်းပြင်လိုက်သည်။

"ဟေ့ နှင်းဝါ၊ ခဏနေဦး ငါပြောစရာရှိလို့"

ကိုမော်တင်က ခါတိုင်းလေနှင့်မတူဘဲ အမိန့်ပေးသံဖြင့်ပြောလိုက်ရာ တစ်ကိုယ်တည်း ဒေါပွနေခဲ့သော နှင်းဝါသည် ထိတ်ခနဲဖြစ်သွားပြီး ကိုမော်တင်အား မရဲတရဲလှမ်းကြည့်လိုက်သည်။

ဧည့်ခန်း ဆိုဖာတစ်လုံးပေါ် ကိုမော်တင် ဝင်ထိုင်မိလျှင် နှင်းဝါလည်း ခပ်ဖြည်းဖြည်းလျှောက်လာပြီး မျက်နှာချင်းဆိုင် ဆိုဖာပေါ်ဝင်ထိုင်လိုက်လေသည်။ သို့သော် ကိုမော်တင်က တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ မိမိကိုသာ စူးစိုက်ကြည့်နေသည်ကို တွေ့ရလျှင် နှင်းဝါသည် မလုံမလဲဖြစ်လာဟန်ဖြင့် နေရာပြင်ထိုင်လိုက်ပြီးမှ...

"ဘာ... ဘာကိစ္စလဲ၊ ဘာပြောစရာရှိသလဲ" ဟု စပြီးမေးလိုက်လေ၏။

ထိုအခါမှ ကိုမော်တင်လည်း နေရာပြင်ထိုင်လိုက်ပြီး...

"ဒီကိစ္စကတော့ တခြားမဟုတ်ဘူး။ ငါစိတ်ပြောင်းသွားပြီကွ၊ ဒါကြောင့်..."

စကားမဆုံးမီ နှင်းဝါက...

"ဘာစိတ်ပြောင်းတာကို ပြောနေတာလဲ" ဟု မေးလိုက်သည်။

"နားထောင်ဦးလေ...၊ ငါဆိုလိုတာက တခြားမဟုတ်ဘူး၊ လူကြီးတွေရဲ့ စကားကို နားထောင်တော့မယ်ဆိုတဲ့ အကြောင်းပါပဲ။ အဲဒါ ငါလာပြောတာပါ"

ယင်းစကားကြောင့် နှင်းဝါခမျာ ငှက်ဆိုးထိုးသံကြားလိုက်ရသည့်ပမာ မျက်နှာမည်းခနဲ ဖြစ်သွားသည်။

ကိုမော်တင်မှာမူ အေးအေးဆေးဆေး စီးကရက်တစ်လိပ် ထုတ်ယူပြီး ညှိသောက်နေလိုက်လေသည်။

နှင်းဝါတစ်ယောက်ကား ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲ တော်တော်ကြီး စဉ်းစားရကျပ်သွားမိသည်။ ကိုမော်တင်ကသာ လူကြီးတွေ

mgyoe.com

mgyoe.com

ရှေ့ "ဟုတ်ကဲ့..." ဆိုကာ ခေါင်းညိတ်လိုက်သည်ဆိုလျှင် ကျန်တစ်ယောက်မှာ အလိုလို လက်မြှောက်အရှုံးပေးရမည်ဖြစ်သည်ကို ဗေဒင်မေးစရာ မလိုချေ။ သို့စဉ်းစားမိပြီး နှင်းဝါသည် သက်ပြင်းတစ်ချက် ခပ်ဖြည်းဖြည်းလေး မှုတ်ထုတ်လိုက်သည်။ ရင်ခုန်သံ မသိမသာ မြန်လာသည်ကိုလည်း သတိထားမိ၏။

နှစ်ယောက်စလုံး အတန်ကြာတိတ်ဆိတ်နေကြပြီး နှင်းဝါက–

"ရှင်စိတ်ပြောင်းပေမဲ့ ကျွန်မမှ မပြောင်းတဲ့ဥစ္စာ၊ ရှင်အရမ်းလုပ်လို့ ရမလား"

"စမ်းကြည့်လေ..."

ကိုမော်တင်က တစ်ခွန်းတည်းသာပြန်ဖြေပြီး စီးကရက်အသစ်တစ်လိပ်ကို ကုန်သွားသောအတိုမှ မီးဖြင့် ညှိသောက်လိုက်သည်။ ပြီး တစ်ချက်အားရအောင်ဖွာရှိုက်၍ မီးခိုးကိုအပေါ်သို့ မှုတ်ထုတ်ရင်း...

"ဒါပေမဲ့ တစ်ခုတော့ရှိပါတယ်"

ကိုမော်တင်က စကားကိုမဆက်သေးဘဲ ခဏရပ်ထားရာ နှင်းဝါလည်း နောက်ထပ်ထွက်ပေါ်လာမည့် စကားလုံးများကိုသာ စိတ်ဝင်စားစွာ စောင့်ဆိုင်းနေလိုက်၏။

"နှင် ငါ့ကို အကူအညီတစ်ခုပေးမယ်ဆိုရင်တော့ ငါနှင့်ကို ဘာမှ အနှောင့်အယှက် မပေးတော့ဘူး၊ ပြီးတော့ လူကြီးတွေ စိတ်ချမ်းသာအောင်လည်း ငါတာဝန်ယူမယ်၊ အဲဒါပါပဲ"

ထိုအခါမှ နှင်းဝါလည်း အနည်းငယ် အသက်ရှူချောင်၍ လာလေ၏။ သို့နှင့်...

"ဘယ် ဘယ်လိုကူညီရမှာလဲ"

"ဒီလိုလေ...၊ ဟို မေရီနဲ့ ငါကြိုက်နေကြတယ်ဆိုတာ နင်သိပြီး မဟုတ်လား၊ အေးအဲဒီကိစ္စမှာ နင့်အကောင် တင်အောင်က ငါ့ကိုတော်တော်ကြီး အနှောင့်အယှက်ပေးနေတယ်ကွ..."

ကိုမော်တင်က စကားပြောရင်း နှင်းဝါ၏ မျက်နှာကို လှမ်းကြည့်ရာ နှင်းဝါကလည်း ကိုမော်တင်ပြောနေသည့်အကြောင်းကို မိမိသိပြီးဖြစ်ကြောင်း ခေါင်းညိတ်အသိအမှတ်ပြုလိုက်သည်။

mgyoe.com

mgyoe.com

ကိုမော်တင်က ဆက်ပြီး...

"အဲဒီတော့ ဒီကိစ္စမှာ နင့်အကောင်း အနှောင့်အယှက် မပေးအောင် ကူညီဖို့ပဲ..."

"ကျွန်မ ဘယ်လိုကူညီရမယ်ဆိုတာလဲ ပြောဦးလေ"

ကိုမော်တင်သည် မေးကိုဘယ်ဘက်သို့ 'ဆတ်' ခနဲခါ၍ ချိုးလိုက်ရင်း "ဒီလိုလုပ်" ဆိုကာ မျက်စပါပစ်လိုက်သဖြင့် နှင်းဝါမသိမသာ နှုတ်ခမ်းစူသွားလေ၏။

"နင်ငါ့ကို တစ်လနှစ်လလောက် ချစ်ဟန်ဆောင်ပြီး နေပြစမ်းပါ။ ငါသိရသလောက် တင်အောင်က နင့်ကို တော်တော်စွဲနေတယ်လို့ ကြားခဲ့တယ်၊ မေရီပဲ ပြောပြတာပဲလေ။ နင်သာမသိသေးတာ၊ မေရီကို အပူကပ်နေတာကြာပြီတဲ့။ အဲဒီတော့ ငါပြောတဲ့အတိုင်း လိုက်လုပ်ရင် ငါနဲ့သူ့အစ်မကိစ္စမှာ ဒီအကောင် အနှောင့်အယှက်ပြုတော့မယ် မထင်ဘူး။ တစ်ခုတော့ သတိထားရမယ်၊ သဏ္ဍာန်လုပ်သရုပ်နဲ့တူစေ ဆိုသလို နင်တင်အောင်နဲ့ လုံးဝလက်ခံစကားမပြောဘဲ မျက်နှာထား ခပ်တင်းတင်းနဲ့သာ အမူအရာလုပ်ပြနေရမယ်။ ဒီကောင်မနေနိုင်ပါဘူး၊ နင့်ကိုသာ နည်းအမျိုးမျိုးနဲ့လိုက်နေမှာ၊ ဒီတော့မှ ငါအခြေအနေအရ သူနဲ့ စေ့စပ်ဆွေးနွေးလိုက်မယ်"

နှင်းဝါခေါင်းတဆတ်ဆတ်ညိတ်ပြလာသဖြင့် ကိုမော်တင်လည်း စကားကို ရပ်ထားလိုက်တော့သည်။ နှင်းဝါသည် စဉ်းစားသလို ငေးငိုင်နေလိုက်ပြီးမှ...

"တော်ကြာ သူက ကျွန်မအပေါ် အထင်လွဲပြီး တကယ်မုန်းသွားရင် ဘယ့်နှယ်လုပ်မလဲ"

"မပူပါနဲ့၊ နင့်အကျိုး ငါ့အကျိုးအတွက် ငါကြည့်စီစဉ်ပါ့မယ်"

နှင်းဝါသည် မျက်စောင်းတစ်ချက်ထိုး၍ နှုတ်ခမ်းကိုဖိလိုက်ရင်း အတန်ကြာ စဉ်းစားနေလိုက်မိပြန်သည်။ မိမိချစ်သူကိုပဲ မုန်းဟန်ဖွဲ့ရမည့် ကိစ္စပါလား။ သီချင်းတစ်ပုဒ်မှာသာ ထိုကဲ့သို့ ကြားမိခဲ့ဖူးသည်။ ယခု မိမိကိုယ်တိုင် လုပ်ဆောင်ကြရချေတော့မည်။

နှင်းဝါသည် အတန်ကြာမျှ ဖင်ပြန်ခေါင်းပြန် စဉ်းစားလိုက်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြန်ပြီး ကိုမော်တင်၏အကြံပေးချက်ကို

mgyoe.com

mgyoe.com

ရင်ခပ်လေးလေးနှင့်ပင် လက်ခံလိုက်မိလေ၏။

ထိုသည့် နောက်ပိုင်းဝယ်ကား ကိုမော်တင်နှင့် နှင်းဝါတို့ နှစ်ယောက်၏ ဆက်ဆံရေးသည် ယခင်ကနှင့်မတူဘဲ ရုတ်ခြည်းပြောင်းလဲသွားတော့လေသည်။ ၎င်းတို့နှစ်ယောက်ကြားက တင်းမာမှုသည်လည်း တစ်ကြိမ်တစ်ခါ ဆွေးနွေးလိုက်ရုံမျှဖြင့် ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်၍ သွားပြီဖြစ်ရာ တွေ့ဆုံဆွေးနွေးခြင်း၏ တန်ခိုးအာနိသင်ကို လက်တွေ့ပြသလိုက်ရာလည်းကျသွားတော့သည်။ တင်းမာမှုမရှိတော့သည်နှင့်အမျှ ၎င်းတို့နှစ်ယောက်သည် အံ့သြဖွယ်ကောင်းအောင် တပူးတွဲတွဲနှင့် ရုပ်ရှင်သွားခြင်း၊ လေညင်းခံထွက်ခြင်းများ ပြုလုပ်လာကြလေရာ လူကြီးမိဘလုပ်သူများကလည်း ဝမ်းသာသွားကြလေတော့သည်။

ဤတွင် ဒူးနှင့်မျက်ရည် သုတ်နေရသူတစ်ဦးမှာကား တင်အောင်ပင်ဖြစ်သတည်း။ တင်အောင်သည် အခြေအနေပြောင်းလဲသွားမှန်းပင် ရုတ်တရက် မသိလိုက်မိဘဲ တစ်ညနေခင်း နှင်းဝါအား ရုပ်ရှင်သွားကြည့်ရန် ခေါ်သွားရာ နှင်းဝါက ခါးခါးသီးသီး ငြင်းဆန်လိုက်ပြီး ကိုမော်တင်နှင့်အတူ ပြုံးပြုံးကြီး ထွက်သွားကြသည်ကို တွေ့လိုက်ရတော့မှ ပါးစပ်ကြီးအဟောင်းသားဖြစ်ကာ အံ့သြမဆုံး ဖြစ်သွားမိလေသည်။ နောက်တစ်ခါ နှင်းဝါနှင့်နှစ်ယောက်တည်း လမ်းမှာတွေ့ပြန်တော့လည်း နှင်းဝါက ခေါ်ခေါ်ပြောပြောမပြုသည့်အပြင် ကိုမော်တင်တစ်ယောက်အားလည်း နှင်းဝါတို့ ခြံဘက်သို့သာ ကူးချည်သန်းချည် ပြုနေသည်ကိုတွေ့မြင်ရဖန်များလာသောအခါ တင်အောင်လည်း အခြေအနေကို ရိပ်မိစပြုလာလေတော့၏။

ဤတွင် ကိုမော်တင်အပေါ် မုန်းတီးနေမိသော တင်အောင်၏ စိတ်သည် ဆတက်ထမ်းပိုး တိုးတက်၍သာ သွားတော့လေသည်။ တင်အောင်အနေနှင့် စိတ်ဆိုးမည်ဆိုက စိတ်ဆိုးလောက်ပြီ ဖြစ်နေ၏။ မိမိအစ်မအရင်း ခေါက်ခေါက်ကိုလည်း ဂေါ်သည်။ တစ်ချိန်တည်း မိမိရည်းစား အရင်းခေါက်ခေါက်ကြီးကိုလည်း ဂေါ်နေပြန်ချေသည်။ သည်လို လူစားမျိုးကို အများလူတကာက ဘယ်လိုစီရင်ချက် ချမည်ဟု မသိရသော်လည်း တင်အောင်ကမူ အဆိပ်နှင့် ပွိုင်စင်နှင့် ဆတူရောပြီးသာ ကျွေးလိုက်ချင်စိတ် ပေါက်နေမိလေတော့၏။



mgyoe.com

mgyoe.com

# အခန်း ၃

## အကြံကြီးသူ

"မှာတမ်းခြွေ ဝသန်ဦးဝယ်... လေရူးဆော်ရင် ဖြေမရှင်တယ်...ရင်ထဲမှာ လွမ်းရဖြင့်မလွယ်... ရော်ရည်မျှော်မှန်း စခန်းကွာဝေးတယ်... ခေါ်မည်ဖော်လွမ်း× မှန်းကာ ဆွေးဘွယ် မောင်ကြီးနှမ နှင်းဝါကိုကွယ်... မျက်ရည်လည် တမ်းတငိုမဆုံးတယ်... တယ်နယ်၊ တူ့နယ်... တယ်နယ်× တူ့နယ်... လဗျောင်"

"ဩော်... လောက၊ လောက... အိုအို ဘာလောကကြီးပါလိမ့်...၊ ဟိုက် ဆိုရှယ်လစ်လောက ရောက်နေမှကိုး"

အင်းလျားရေပြင်၏ နေဝင်ဆည်းဆာ အချိန်သည် အတော်ကြည်နူးဖွယ်ကောင်းပြီး သာယောင့်သာယာ ရှိလှသည် မှန်သော်လည်း မယ်ဒလင်တစ်လက်နှင့် လူငယ်တစ်ယောက်မှာမူ တစ်ကိုယ်တည်း အဆွေးနယ်ချဲ့လျက်ရှိနေရှာလေ၏။ ခါတိုင်းနေ့များတွင် ဒီအချိန်ရောက်ပြီဆိုလျှင် ညနေ ခင်းလမ်းလျှောက် လေညင်းခံထွက်လာကြသော တက္ကသိုလ်ကျောင်းသူ လှပျို ဖြူများနှင့် ကျောင်းသားများ ဥဒဟိုသွားလျက်ရှိနေတတ်သော်လည်း ယနေ့ညနေ ဘက်တွင်မူ နွေရာသီကျောင်းပိတ်ထားသောကြောင့် လူတော်တော်ပြတ်လျက်ရှိနေရာ လူငယ်သည် တွေးချင်းတိုင်းတွေး ဆွေးချင်တိုင်းဆွေးပြီး စိတ်အလိုဆန္ဒအရ ဤကမ္ဘာလောကကြီးနှင့် ဝေးချင်တိုင်းဝေးသော အဝေးတစ်

mgyoe.com

mgyoe.com
နေရာသို့ မိမိ၏စိတ်ကို စေလွှတ်ထားလိုက်ကာ မယ်ဒလင်ကိုသာ အဖော်ပြုလျက်ရှိနေဟန်တူပေ၏။ ထိုအခိုက်...

"ဟော့ လူ ခြောက်... ငါ့ ဘယ်သူမျှားလဲလို့ကွာ၊ ဘယ်လိုများ ဖြစ်နေတာလဲ ဖိုးတင်အောင်ရဲ့"

တင်အောင် နောက်လှည့်ကြည့်လိုက်သောအခါ ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးဖြစ်သူ မြဝင်းဖြစ်နေသည်ကို တွေ့ရသည်။ တင်အောင်က စကားပြန်မပြောဘဲ မှိုင်ငေးငေးဖြစ်နေသဖြင့် မြဝင်းက...

"မေးနေတာများ ကြားရဲ့လားသူငယ်ချင်း။ ဘယ်လိုများ ဖြစ်နေတာလဲကွ၊ စာမေးပွဲကျလို့လား"

ဤတွင်မှ တင်အောင် လှုပ်လှုပ်ရှရှဖြစ်လာပြီး...

"မကျပါဘူးကွာ...၊ စာမေးပွဲကျရုံနဲ့ ငါဒီလောက် စိတ်ညစ်နေမလားကွ"

"ဒါဖြင့် ဘာ့ကြောင့်တုံး"

"ငါ့ရည်းစားနဲ့ကွဲသွားလို့ကွ"

"အိုး... ဟိုး ဒါကြောင့်ကိုး"

"ဟော့ကောင် မင်း နောက်တီးနောက်တောက် လုပ်မနေနဲ့ကွ၊ ငါ တကယ်စိတ်ညစ်နေတာ။ ခုတောင် ဒီအင်းလျားကန်ကို လာတာအလကား လာတာ မဟုတ်ဘူး၊ ရည်ရွယ်ချက်နဲ့ကွ နားလည်လား"

တင်အောင်က ခပ်တည်တည် ပြန်ပြောလိုက်မှ မြဝင်းလည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး...

"သူငယ်ချင်း မင်းဒီလိုတော့ မလုပ်နဲ့ကွာ၊ ငါတောင်းပန်ပါတယ်၊ လူကြားလို့လည်း မကောင်းပါဘူး။ ဒီရည်းစားနဲ့ကွဲတော့ နောက်တစ်ယောက်ထပ်ရှာကြတာပေါ့၊ ငါလည်း အတတ်နိုင်ဆုံး ကူညီရှာပေးပါ့မယ်၊ ဘာမှ စိတ်ညစ်ခံမနေပါနဲ့"ဟု ၎င်းနားကပ်သွားပြီး ခါးလယ်ခန့်ဆီတွင် သိုင်းဖက်၍ အားပေးစကား ပြောလိုက်လေ၏။

ထိုအခါမှ တင်အောင်လည်း စိတ်တင်းထားရာက ရုတ်တရက် လျှော့ချလိုက်သည့်အလား သက်ပြင်း ခပ်ရှည်ရှည်လေး မှုတ်ထုတ်လိုက်ရင်း...

"အေးကွာ သူငယ်ချင်းရာ၊ ငါလည်း ဘယ်သူ့သွားတိုင်ပင်ရမှန်းမသိ
mgyoe.com

လောက်အောင်ကို ဖြစ်နေတာကွ။ ခက်တာက ငါကလည်း သူ့ဆို တစ်ယောက်တည်းကိုမှ ချစ်နေလေတော့ နောက်တစ်ယောက်ရှာဖို့ ဆိုတာဟာ စိတ်ကူးထဲတောင် မထည့်မိဘူး သူငယ်ချင်း....၊ ဒါကြောင့် ဒီတစ်နည်းပဲ ကျန်တော့တယ်ဆိုပြီး ကြံမိကြံရာ အကြံထုတ်နေတာကွ"

တင်အောင်က ဝမ်းနည်းကြေကွဲသံနှင့် ပြောပြလိုက်သည်တွင် မြဝင်းသည် ၎င်း၏လက်မောင်းကို ဖမ်းဆွဲ၍ ခပ်ဖျစ်ဖျစ်လေး ညှစ်ကိုင်ထားလိုက်ပြီး...

"ဒီလိုတော့လည်း မလုပ်သင့်ပါဘူး သူငယ်ချင်းရာ...၊ ဘာမဟုတ်တဲ့ မိန်းမ"

"ဘယ့်နှယ် ဘာမဟုတ်တဲ့ မိန်းမရမလဲကွ၊ ဟုတ်လို့ ငါပြောနေတာပေါ့။ တော်ရုံ မိန်းမဆိုရင် ငါသေးပေါက်ချင်စိတ်တောင် မပေါ်ဘူး။ မင်းဆိုသူ့တွေ့ရင် ရူးတောင်သွားဦးမယ်"

မြဝင်း၏စကားမဆုံးမီ တင်အောင်က ဒေါသတကြီး အော်ပြောလိုက်သည်။

"ဒီလောက်တောင်ပဲလားကွာ"

"ငါစာရေးဆရာမဟုတ်လို့ စာမဖွဲ့တတ်ဘူး"

တင်အောင်က တိုတိုတုတ်တုတ် ပြန်ဖြေသည်။

"လှတဲ့မိန်းမတွေအကြောင်း ငါလည်းတွေ့ဖူး၊ ကြားဖူး၊ ဖတ်ဖူးတာပါပဲကွာ။ မင်းဥစ္စာ ဥမ္မာဒန္တီလောက်တော့"

"မင်းဥမ္မာဒန္တီများ ငါ့ရည်းစားကို တွေ့လိုက်ရရင်လေ... သူ့ကိုယ်သူ ရုပ်ဆိုးလှချည်ရဲ့ဆိုပြီး ရှက်ရက်နဲ့ ရေနံဆီသောက်ပြီး လေးထပ်တိုက်ပေါ်က ခုန်ချလိမ့်မယ်ကွ သိလား"

မြဝင်းစကားမဆုံးမီပင် တင်အောင်က ကြားဖြတ်ပြောလိုက်ပြန်ရာ၊ မြဝင်းခေါင်းပုဝင်သွားလေ၏။

"ဒီလောက်တောင်ပဲလားကွာ"

"ပိုပါတယ်ဆိုမှ...

မြဝင်းလည်း ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားသဖြင့် ခဏစဉ်းစားနေလိုက်၏။ ပြီး...

mgyoe.com

mgyoe.com

"ဘာပဲပြောပြောလေ၊ နောက်ဆုံး ဒါက ဒါပဲ မဟုတ်လား၊ တို့ယောက်ျားတွေက..."

"ဒါက ဒါမှန်းသိလို့ တို့ယောက်ျားတွေက ဒါ့ကြောင့်ခက်နေမှန်းငါလည်း သိတာပေါ့ကွ"

တင်အောင်က ရေပက်မဝင်အောင် ပြောလိုက်သဖြင့် မြဝင်းပါးစပ်အဟောင်းသားဖြစ်သွားပြီး အတန်ကြာ စကားမပြောနိုင်ဘဲ ဖြစ်သွားပြန်သည်။ အတန်ကြာ တိတ်ဆိတ်သွားကြပြီးနောက် မြဝင်းလေသံပျော့ပျော့လေးနှင့်...

"အေးလေ... ဟုတ်သားပဲ ဟုတ်ပေမပေါ့၊ ဟုတ်ဦးတော့လည်း သူနဲ့လွဲရုံလေးနဲ့ မင်းကိုယ်မင်း သတ်သေ..."

"ဟော့ကောင် မြဝင်း... မင်းငါ့ကို လာနောက်မနေနဲ့ဆိုတာ ဘယ်နှခါပြောရမလဲ၊ တော်ကြာ ငါတကယ်ဆွဲထိုးလိုက်မိမယ်နော်"

တင်အောင်က နောက်ဆုံး အော်ဟစ်သတိပေးလိုက်ပြန်ရာ မြဝင်းလည်း ပါးစပ်ကြီး အဟောင်းသားနဲ့ အတန်ကြာမျှ ဆွံ့အသွားပြန်လေသည်။ နောက်ချောင်းတစ်ချက်ဆိုး၍ ခံတွင်းရှင်းလိုက်ပြီး တံတွေးကိုလည်း 'ဂလုပ်' ခနဲ မျိုချလိုက်သည်။ ပြီးမှ...

သူငယ်ချင်းရယ် ငါ့ကို အထင်မလွဲပါနဲ့ကွာ၊ ငါလည်း သူငယ်ချင်းရဲ့အဖြစ်ကိုကြည့်ပြီး တကယ်စိတ်မကောင်းဖြစ်မိလို့ တတ်နိုင်တဲ့ဘက်က ကူညီဖို့ ပြောနေတာပါ။ နို့... ခုနင်ကပြောတော့ ဒီတစ်နည်းပဲ ကျန်တော့တယ်ဆိုလို့ ငါက ကိုယ့်ကိုယ်ကိုယ်များ ဟိုလေ.. ဒုက္ခပေးတော့မှာလားလို့"

"ထပ်သရီး... အဲဒီ အကြံကတော့ မင်းပြောမှပဲ သတိရတော့တယ်။ ဒီတစ်နည်းပဲ ဆိုတာက သူ့ကို ကားတင်ပြေးရကောင်းမလားလို့ စဉ်းစားနေတာကွ"

ထိုတော့မှပင် မြဝင်းလည်း အပူလုံးကြီးကျသွားကာ ရယ်နိုင်ပြုံးနိုင်ဖြစ်လာလေ၏။ သို့သော် ရဲရဲကြီး မပြုံးရယ်ဝံ့သေးဘဲ တင်အောင်၏ မျက်နှာကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး...

"တော်ပါသေးရဲ့ကွာ၊ ငါက တစ်မျိုးအဓိပ္ပာယ်ကောက် လွဲနေတာကိုး၊ အင်း... မင်းအကြံဆိုးတော့ မဆိုးဘူးကွ၊ ဒါပေမဲ့ သူက မင်းကို ပစ်သွားပြီးမှ 'မင်းဒီလိုလုပ်လိုက်တော့ သူ ပိုပြီးများ မုန်းသွားလေမလား။ အဲဒါလည်း

mgyoe.com

mgyoe.com
စဉ်းစားဦး၊ အနုနည်းနဲ့ ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းနိုင်ရင် ပိုကောင်းမယ်ထင်တယ်"

"ဒါက အရေးမကြီးပါဘူးကွာ။ စနစ်ကြီးတစ်ခုလုံးကိုတောင် တော်လှန်ပြောင်းလဲပစ်လို့ ရနိုင်သေးတဲ့ခေတ်မှာ မိန်းကလေးတစ်ယောက်ရဲ့ အတွေးအခေါ်မျှလောက်ကိုတော့ ဖိုးစိန့် ပြောင်းလဲခိုင်းလို့ ရနိုင်ရမှာပေါ့၊ ဒါကလည်း မင်းပြောသလို ငြိမ်းချမ်းတဲ့နည်းနဲ့ စေ့စပ်မရလို့ ပြောနေတာပါ"

တင်အောင်က ခပ်ပြတ်ပြတ်ပင် ပြန်ပြောသည်။

မြဝင်းကမူ အောက်နှုတ်ခမ်းကို မသိမသာ ဖိကိုက်ထားလိုက်ပြီး စဉ်းစားနေလိုက်လေ၏။ နောက်...

"ဒီလိုလုပ်ကွာ၊ မင်းနဲ့ငါ တစ်နေရာသွားပြီး အကြံထုတ်ကြမယ်။ မကောင်းဘူးလား" ဟု မေးလိုက်လျှင် တင်အောင်လည်း ခဏစဉ်းစားပြီး...

"ဘယ်ကို သွားမလဲ" ဟု ပြန်မေးသည်။

"မြေနီကုန်း..."

မြဝင်းက အဆင်သင့်တွေ့သော သုံးဘီးကားတစ်စီးနှင့် မြေနီကုန်း 'ဘောဂဗလ' အရက်ဆိုင်သို့ ခေါ်ဆောင်သွားလျှင် တင်အောင့်ခြေလှမ်းများ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်သွားသည်။ မြဝင်းက ၎င်း၏လက်ကိုဆွဲ၍ ဆိုင်ထဲ ဆွဲသွင်းလာရင်း စားပွဲတစ်လုံးတွင် ဝင်ထိုင်ကာ...

"သူငယ်ချင်း စိတ်ညစ်နေတယ်ဆိုလို့ ခေါ်လာတာပါ၊ စိတ်ညစ်နေတဲ့ အချိန်မှာ စိတ်ကူးဉာဏ်ကောင်းကောင်းထွက်ဖို့ ခက်တယ်မဟုတ်လား၊ ဒါကြောင့် နည်းနည်း အရင်ချလိုက်ကြဦးစို့"

မြဝင်းကဆွယ်တရားဟောလိုက်လျှင် တင်အောင် ခေါင်းတခါခါနှင့်...

"မလုပ်ပါနဲ့ကွာ...၊ ဒီကိစ္စက အမေမကြိုက်ဘူးကွ။ တော်ကြာ အိမ်က သိသွားရင် ဆူရုံမကဘူး၊ အရိုက်တောင် ခံချင်ခံနေရဦးမယ်"

ထိုအတွင်း တရုတ်တစ်ယောက်ရောက်လာသဖြင့် မြဝင်းက...

"ဝီစကီဝမ်းပက် ဆော်ဒါအသေး... " ဟု မှာလိုက်ပြီး တင်အောင် ဘက်လှည့်၍...

"ဒါဖြင့် မင်းလုံးလုံးမသောက်ဘူးပေါ့" ဟု မေးသည်။ တင်အောင် လည်း များစွာစိတ်မပါဟန်ဖြင့်...
mgyoe.com

mgyoe.com

"မင်းသိပ်တိုက်တွန်းရင်တော့ နည်းနည်းပါးပါး လုပ်မယ်လေ..."

"လုပ်ပါကွာ၊ ငါအကောင်းအကြံပေးနေတာပေါ့၊ ဒါမှ မင်း စိတ်ကူး ကောင်းကောင်း ထွက်လာမှာကွ၊ မှာလိုက်မယ်နော်"

"နေနေ ငါဝီစကီမကြိုက်ဘူး၊ ရမ်ပဲသောက်မယ်..."

"ဒါဖြင့် မင်းကြိုက်သလောက် မှာယူကွာ..."

"ငါနည်းနည်းပဲသောက်မယ်နော်"

"အေးပါကွာ မင်းနိုင်သလောက်ပေါ့"

မြဝင်းက ပြန်ပြောရင်း ၎င်းရှေ့ချထားသော ဝီစကီခွက်ထဲသို့ ဆော်ဒါ ရောစပ်လိုက်သည်။

"ဟေ့ ပေါက်ဖော် ရမ်အကြီးတစ်လုံး၊ ဆော်ဒါ မလိုချင်ဘူး"

ယင်းအသံကြောင့် မြဝင်းသည် ဝီစကီတစ်ခွက်ကို ပါးစပ်ဖျားတွင် တေ့ပြီး မော့ချလိုက်မည်ပြုပြီးမှ ရုတ်ဟာရက်မျက်လုံးပြူးသွားကာ ဖန်ခွက်ကိုင် ထားသောလက်ပင် မသိမသာတုန်ရီသွားသဖြင့် အရက်လည်း အနည်းငယ် ဖိတ်ကျ၍ သွားလေသည်။ ထို့နောက် တင်အောင်ကိုပင် ပြူးတူးပြဲတဲနှင့် စိုက်ကြည့်နေပြန်သဖြင့် တင်အောင်က...

"ဘာဖြစ်တာလဲကွ" ဟု မေးလိုက်လေ၏။

"ဘာဖြစ်ရမှာလဲ၊ မင်းမှာတာက များလှချည့်လား...၊ ကုန်ကောကုန် မှာလား..."

မြဝင်းက တအံ့တသြပြန်မေးသည်။

"လူတစ်ယောက်သောက်ဖို့ အရက်တစ်လုံးတည်း မှာတာပဲကွ၊ မင်း ငါ ပြောသားပဲ နည်းနည်းပဲသောက်မယ်လို့"

ယင်းအဖြေကြောင့် မြဝင်းသည် သူငယ်ချင်း၏ မျက်နှာကို တစ်ကြိမ် တစ်ခါမျှ မမြင်ဖူးသေးသည့် သူစိမ်းတစ်ရံလို ငေးမောပြီးစိုက်ကြည့်နေမိ ပြန်လေ၏။

"မင်း... မင်း သောက်တတ်တာကြာပြီလား"

မြဝင်း၏အမေးကို တင်အောင်က ချက်ချင်းမဖြေသေးဘဲ တရုတ်ကြီး ချလာသော ရမ်ပုလင်းကို ဖန်ခွက်ထဲ လက်လေးသစ်ခန့်မျှ ငှဲ့ထည့်ပြီး မျက်စိ မှိတ်၍ တစ်ကျိုက်တည်း မော့ချလိုက်သည်။ ပြီးမှ...

mgyoe.com

"သိပ်တော့လည်း မကြာသေးဘူး၊ ဒါပေမဲ့ အရှိုင်းတော့လည်း မဟုတ်ဘူး၊ ဒီလိုများများစားစား သောက်တတ်လာတာကတော့ မနှစ်ကပါပဲ။ မနှစ်နွေရာသီကျောင်းပိတ်တုန်းက ငါမြစ်ကြီးနားမြို့ကို အလည်ရောက်သွားတယ်၊ မြစ်ကြီးနား ကချင်ရွာတစ်ရွာမှာ အရက်တော်တော်သောက်တဲ့ ကချင်လေးတစ်ယောက် ရှိတယ်၊ သူ့ဆီက နည်းရခဲ့လို့ ဒီလိုများများ သောက်တတ်လာတာ"

"အဲဒီနည်းက ဘယ်လိုတဲ့လဲ..."

"ခွက်ထဲကုန်သွားရင် ထပ်ထည့်ပြီး မော့ပါတဲ့"

"ဩ... လွယ်လွယ်လေးရယ်၊ ဒါနဲ့များ မင်းက အမေသိရင် ရိုက်မလေးဘာလေးနဲ့"

"ဟ ဒါတော့သိရင် မရိုက်ဘူးလို့ ဘယ်ပြောနိုင်မလဲ၊ သိရင် ရိုက်လိမ့်မယ် ဆိုတာနဲ့ သောက်တာနဲ့ တခြားစီပဲ၊ အသိပေးပြီးသောက်နေတာမှ မဟုတ်ဘဲ။ ကဲပါ ဒါတွေထားလိုက်စမ်းပါ၊ ငါ့ကိစ္စ ဆွေးနွေးကြရအောင်၊ မင်းအနေနဲ့ ဘာအကြံများပေးနိုင်မလဲ ဆိုပါဦး"

တင်အောင်သည် စကားကိုလွှဲပစ်လိုက်ပြီး ဖန်ခွက်ထဲလက်လေးသစ်ခန့် ထည့်လိုက်ပြန်လေ၏။ ထိုအခါမှ မြဝင်းလည်း ဝီစကီခွက်ကို တစ်ကျိုက်မော့လိုက်ပြီး။ အိတ်ထဲက စီးကရက်ဘူးကို ထုတ်ယူကာ တင်အောင်ကို တစ်လိပ်ထုတ်ကမ်းပေးပြီး ကိုယ်တိုင်တစ်လိပ်ထုတ်ယူ မီးညှိသောက်လိုက်သည်။ ထို့နောက် တစ်စုံတစ်ခုကို နက်နက်နဲနဲ စဉ်းစားနေသလို စကားမပြောဘဲ မျက်လုံးနှစ်ဖက်ကို မှေးတေးတေးလုပ်ထားလိုက်လေ၏။

"ငါတော့ မင်းကို အကြံတစ်ခုပဲ ပေးနိုင်လိမ့်မယ်ထင်တယ် သူငယ်ချင်း။ အဲဒါ ငွေတော့နည်းနည်းပါးပါး အကုန်ခံရလိမ့်မယ်ကွသိလား"

တင်အောင်လည်း လက်ထဲ ကိုင်ထားသော အရက်ခွက်ကို ဒုတိယမွှိ တစ်ကျိုက်တည်းဖြင့် အပြီးမော့ချလိုက်ပြန်ပြီး...

"ငွေက အကြောင်းမဟုတ်ဘူးကွ၊ အရေးကြီးတာက စိတ်ချရတဲ့ အဖော်ကောင်း နှစ်ယောက် သုံးယောက်လောက် လိုနေတယ်။ အဲဒါမင်းကိုယ်တိုင်လိုက်ပြီး ကူညီပေးနိုင်မယ်ဆိုရင်တော့ နောက်ထပ်နှစ်ယောက်လောက်ပဲ လိုတော့တယ်ပေါ့၊ ဘယ့်နှယ်လဲ သူငယ်ချင်း..."

mgyoe.com

mgyoe.com

မြဝင်းဆိုသူကား စကားပြောလိုက်လျှင် မိုးလားကဲလားနှင့် ကြီးကြီး ကျယ်ကျယ် ပြောဆိုတတ်သူဖြစ်သော်လည်း တကယ်လက်တွေ့လုပ်ရမည့် အလုပ်မျိုးတွင်မူ အကြောင်းအမျိုးမျိုးပြပြီး ရှောင်ဖယ်ဖယ်လုပ်တတ်စမြဲဖြစ် ရာ အထူးသဖြင့် ယခုတင်အောင်၏ ကိစ္စကဲ့သို့သော စွန့်စွန့်စားစားလုပ်ရမည့် ကိစ္စမျိုးဆိုလျှင် ကြားရုံလေးနှင့် ကြက်သီးမွေးညင်းများပင် ထောင်ကြွလာတတ် သူမျှသာဖြစ်လေသည်။ သို့နှင့် လက်ကျန်ကလေးကို တစ်ချက်တည်း မော့ ချ၍ အားယူလိုက်ပြီးမှ...

"ဒီလိုကွာ သူငယ်ချင်း၊ မင်းစိတ်တော့ မရှိနဲ့နော်...၊ ငါ့ကို ထောင် တန်းကျဖို့ကိန်းမြင်တယ်ဆိုပြီး ဗေဒင်ဟောထားတာရှိနေတယ်ကွ၊ မင်းကို မကူညီချင်လို့တော့ မဟုတ်ဘူးနော်။ အဲဒီတော့ မင်းကို ငါအကြံတစ်ခု ပေး လိုက်မယ်၊ မင်း လမ်းမတော်ဘတုတ်တို့နဲ့ သွားပြီးဆက်သွယ်ကွာ။ ဒီလူတွေ က ငွေသာရမယ်ဆိုရင် ယောက်ျားအချင်းချင်းတောင် "အော်ဒါ" တောင်လိုက် မယ်ဆိုတဲ့ကောင်တွေသိလား...၊ သတ္တိအရာမှာဆိုရင်လည်း သူတို့နဲ့ဆက်ဆံ ဖူးတဲ့သူတိုင်း လက်ဖျားခါတာချည်းပဲတဲ့ကွ"

တင်အောင်သည် မေးစေ့ကိုပွတ်ရင်း ခဏတာမျှ စဉ်းစားခန်းဝင်နေ လိုက်သည်။ ပြီး...

"သူ့ကိုဘယ်မှာ တွေ့နိုင်မလဲ"

"လမ်းမတော်ဘတုတ်ဆိုတဲ့အတိုင်း လမ်းမတော်မှာပဲ နေတာကွ၊ လမ်း မတော်တစ်ဝိုက်နားမှာရှိတဲ့ လက်ဖက်ရည်ဆိုင်တွေ လျှောက်မေးကြည့်ရင် တွေ့နိုင်ပါလိမ့်မယ်။ သွားသာသွားစမ်းပါ၊ အကူအညီရဖို့ သေချာပါတယ်..."

မြဝင်းက စကားကို အဆုံးသတ်လိုက်ပြီး တင်အောင်၏ မျက်လုံးကို အကဲခတ်ကြည့်နေလိုက်သည်။ တင်အောင်က တစ်စုံတစ်ရာ ပြန်မပြောဘဲ နှုတ်ဆိတ်နေသဖြင့် ၎င်းက ဆက်ပြီး...

"တကယ်လို့ သူတို့နဲ့ အဆင်ပြေရင်တော့ ငါကိုယ်တိုင်လည်း ကားတင် တဲ့နေရာ မပါနိုင်တောင် တစ်နေရာရာကစောင့်ပြီး အကူအညီပေးနိုင်ပါလိမ့် မယ်။ ဒါကိုတော့ ငါကတိပြုတယ်သူငယ်ချင်း"

တင်အောင်သည် လမ်းမတော်ဘက်ဆီသို့ အတန်ကြာမျှငေးကြည့် နေရာမှ ဦးခေါင်းကို ခပ်ဖြည်းဖြည်းလေး ညိတ်ပြလိုက်လေ၏။

mgyoe.com

mgyoe.com

ဤနေရာ၌ လူမိုက်ဘတုတ်အကြောင်းကို ဖော်ပြထားရပါမည်။ ဘတုတ်ကား လူမိုက်လောက၌ မသိသူ မရှိသလောက် နာမည်ကြီးသူတစ်ယောက်ဖြစ်၏။ သို့သော် ၎င်းနာမည်ကြီးပုံမှာ အများထင်သလို လမ်းမတော်ဖိုးတုတ်ကဲ့သို့ နာမည်ကြီးခြင်းမျိုးကား မဟုတ်ပေ။ မကြာခဏ အဖမ်းအဆီး ခံရတတ်သောကြောင့် အချောင်နာမည်ကြီးနေခြင်းဖြစ်သည်။ တစ်နေရာ အမှုတစ်ခုနှင့် 'ဖမ်းပြန်ပယော့' ဆိုလျှင် လမ်းမတော်ဘတုတ်က ထိပ်ဆုံးမှနေတတ်လေသည်။ သူ့ကိုယ်သူ လမ်းမတော်ဖိုးတုတ်နှင့် မယားအပေးအယူ လုပ်ခဲ့ဖူးသလိုလို၊ ပထွေးပဲ အပြန်ပြန်အလှန်လှန် တော်စပ်ခဲ့ဖူးသလိုလို၊ ဘာလိုလိုညာလိုလိုပြောတတ်လွန်းသဖြင့် လမ်းမတော်ဘတုတ် ဖြစ်လာရခြင်းတည်း။ သတ္တိအရာ၌ကား လမ်းမတော်ဖိုးတုတ်ကြီးနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်၏။ လူတစ်ယောက်အား ခေါင်းရိုက်ခွဲဖို့ ဝေးလေစွ၊ တကယ်အရေးကြုံလာလျှင် လက်ရုံးရည်ထက် ခြေရုံးရည်ကို အားကိုးသူသာလျှင်ဖြစ်၏။ သို့သော် တွေ့သမျှရသမျှ စား၍ ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့်ကြီးရှိပြီး နှုတ်ခမ်းမွေး ညစ်ထပ်ထပ် စုတ်ဖွားဖွားနှင့် မျက်နှာပေါက်ကလည်း ကြည့်မရအောင် ဆိုးနေသဖြင့် ရုပ်ရှင်ထဲက တမင်လုပ်ထားသော လူမိုက်ရုပ်နှင့်တူနေတော့၏။ စကားပြောလိုက်လျှင်လည်း သတ်စကား ဖြတ်စကားချည်းပြောတတ်၏။ တကယ်တော့ ကြက်ကုလားများ ကြက်လည်လှီးသည်ကိုမျှ ရဲရဲကြည့်ဝံ့သူမဟုတ်ပေ။ သို့သော် အလုပ်အကိုင်အတည်တကျမရှိသောကြောင့် လစ်လျှင်လစ်သလို တော့ သုတ်တတ်သည်။

သူ့၌ ထူးခြားသည်ကား ထဘီရုပ်၊ ဖိနပ်သုတ် သူခိုးမျှ ဖြစ်သော်လည်း ကျွဲကြီးကျွဲလေးမည်သော သူ့လောက် သောက်သုံးမကျသည့် တပည့်နှစ်ယောက်ကို ငတ်အတူပြတ်အတူ ကျွေးမွေးထားနိုင်ခြင်းဖြစ်၏။

စင်စစ်သူတို့သည် ကဇော်ဆိုင်၊ ဘိန်းခန်းများတွင်သာ ကျက်စားတတ်သူများပီပီ တစ်ခါတစ်ရံ သတင်းလေးဘာလေး ရတတ်သောကြောင့် ပုလိပ်များက ၎င်းတို့ကျူးလွန်သော အသေးအမွှားပြစ်မှုမျိုးတွင် လျစ်လျူရှုထားတတ်ကြသည်။ သို့တိုင်အောင် သူတို့နှင့်မဆိုင်သော အမှုအခင်းများတွင် အဖမ်းအဆီးခံရသည်က များနေတတ်၏။ အကြောင်းမှာ ရဲနှင့်ဌာနတွင် တစ်စုံတစ်ခုအရေးကြီးသော အမှုကိစ္စပေါ်လာတိုင်း တရားခံအစစ်ကို မမိမီစပ်ကြား

mgyoe.com

အထက်အရာရှိများ အဆူအဆဲ သက်သာစေရန် အချို့ရဲများက ၎င်းတို့ သုံးယောက် မဟုတ်မှန်း သိပါလျက် ယာယီချုပ်နှောင်ထားတတ်သောကြောင့် ဖြစ်၏။ ထိုကျေးဇူးကြောင့် ဘတုတ်တို့အဖွဲ့အနေနှင့် တစ်ခါတစ်ရံ ဖောင်တိန် အစ ထီးဖိနပ်အဆုံး သုတ်တတ်သည့် အသေးအဖွဲ့ကိစ္စလေးများကို မသိချင် ယောင်ပြုပြီး လျစ်လျူရှုထားတတ်သည်။ သဟာကိုပင် ဘတုတ်က သူ့ကိုယ်သူ ရဲအဖွဲ့ကြီးအား မျက်လှည့်ပြလိုက်နိုင်သည့် စောရဝိဇ္ဇာကြီးဟု နားထင် သွေးရောက်နေတတ်၏။ တကယ်တော့ကား ဘတုတ်တို့မှာ ရဲများအလိုရှိ တိုင်း ဘယ်ချိန်၊ ဘယ်နာရီတွင်မဆို အဖမ်းအဆီးခံရသူများသာ ဖြစ်လေ သည်။

❐

mgyoe.com

mgyoe.com

# အခန်း ၄

## လမ်းမတော်ဘတုတ်နှင့် တွေ့ခြင်း

"နိုင်တီဖိုက်(ဗ်)၊ နိုင်တီဆဲဗင်း...။ ဟာ... အင်းအော့(ဖ်)မှတ်တာ ပေါ့(သ်) ကို ဝင်သွားတာပဲဆရာ၊ ဟန်ဒရက် ဂိမ်း"

သို့အော် ပြောလိုက်သူမှာကား နာမည်ကျော် လမ်းမတော်ဘတုတ်၏ တပည့်နှစ်ဦးအနက် တစ်ဦးဖြစ်သူ ကျွဲလေးဆိုသူတည်း။

နေရာမှာ လမ်းမတော်တစ်ဝိုက်နားရှိ တစ်ခုသော နိုင်ငံခြားအရက်ဆိုင် တွင်ဖြစ်ပြီး အချိန်မှာ ည ၁၂ နာရီသာသာခန့်တွင် ဖြစ်သည်။ ၎င်းအရက်ဆိုင် သည် အခန်းနှစ်ခုရှိ၍ တစ်ခန်းတွင်အရက်နှင့် အစားအသောက်များရောင်း ပြီး ကျန်တစ်ခန်းတွင်မူ ဘိလိယက်ခုံဖွင့်ထားလေရာ၊ ဘိလိယက် လာကစား သူများသည် အနည်းဆုံး အရက်ကြေး၊ ဘီယာကြေးမျှလောက်တော့ လောင်း ၍ ကစားတတ်ကြသဖြင့် ပိုင်ရှင်အဖို့ ခုံခလည်းရပြီး အရက်လည်းပိုရောင်း ရကာ စီးပွားလမ်းဖြောင့်သည်ဟု ဆိုရမည်ဖြစ်လေသည်။

လောလောဆယ် ၎င်းဘိလိယက်ခုံ၌ ဘိလိယက်ထိုးကစားနေကြသူ များမှာ နာမည်ကျော် လမ်းမတော်ဘတုတ်နှင့် အဖွဲ့တို့ဖြစ်သည်။

သို့ ဆိုလိုက်သဖြင့် စာဖတ်သူများ လမ်းမတော်ဘတုတ်အား အရမ်း အထင်မကြီးလိုက်ကြလေနှင့်ဦး...။

လမ်းမတော်ဘတုတ်အနေနှင့် ဤကဲ့သို့သော နိုင်ငံခြားအရက်ဆိုင် တွင် ဝင်ရောက်စားသောက်နိုင်ဖို့ဆိုသည်မှာ ဘယ်တုန်းကမျှ အိပ်မက်ပင် မြင်မက်ခဲ့ဖူးသည် မဟုတ်ပေ။ ၎င်းတို့အဖွဲ့ အားလုံးကပင် အရက်သောက်

mgyoe.com

mgyoe.com

တတ်ကြသည် မှန်သော်လည်း အရက်ဖြူကိုပင် အနိုင်နိုင်သောက်ကြရသူ များဖြစ်ပြီး ထမင်းဆိုသည်မှာလည်း မှန်သည့်အခါမှန်၍ မစားရသည့် ရက်က ပို၍မှန်လျက်ရှိတတ်ကြသူများသာ ဖြစ်လေသည်။ သို့စဉ်လျက် ယနေ့ည အဘယ့်ကြောင့် ဤသို့ကြီးပွားနေကြလေသနည်း။ ကြီးပွားရုံတင်မက ဘိလိယက်များပင် ဝင်ထိုးနေလိုက်ကြသေးသည်မှာ ခုံခပင်ပေးနိုင်၍ ကစားနေကြခြင်းလော...။

မဟုတ်ပါ...၊ မိတ်ဆွေတို့ အထင်မကြီးလိုက်ကြလေနှင့်ဦးလို့ ကြိုတင်တောင်းပန်ထားခဲ့ပြီး ဖြစ်ပါသည်။ ဤသို့မဟုတ်ရပါ။

ဖြစ်ပုံမှာ လမ်းမတော်ဘတုတ်နှင့် အဖွဲ့သည် ယနေ့ညနေက မိုးချုပ်၍ လာသော်လည်း နေ့တွက်မစီသဖြင့် (ထီးကလေး၊ ဖိနပ်ကလေးမျှပင် အလစ်မသုတ်နိုင်ခဲ့ကြ) ဆရာတပည့် သုံးယောက်သား အရေးပေါ် အစည်းအဝေးခေါ်၍ လောလောဆယ်ရင်ဆိုင်နေရသော ဗိုက်ပြဿနာကို မည်ကဲ့သို့ ဖြေရှင်းကြမည်ဟူသော အကြောင်းကို မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးခဲ့ကြလေသည်။ ပြဿနာမှာ နှယ်နှယ်ရရမဟုတ်ဘဲ လူ့လောကတွင် အရေးကြီးဆုံးကိစ္စရပ်တစ်ခုဖြစ်သည့် စားရေးသောက်ရေး ပြဿနာဖြစ်၍ အချီအချဆွေးနွေးရင်း အဖြေရှာမရဘဲ လုံးချာလည်၍သာ သွားနေရာ နောက်ဆုံး၌ ဘတုတ်က...

"ကဲ... ငါ့တပည့်တို့ ဘာမှမပူနဲ့၊ နောက်ဆုံး မတတ်နိုင်ရင် တို့သုံးနေကျ 'အရေးပေါ်'နည်းကိုပဲ သုံးတော့မယ်" ဟု ပြောလိုက်လေ၏။ ဤတွင် ကျွဲလေးက...

"ဟာ ဟုတ်သားပဲ၊ ဒါမှ တို့ဆရာကွ။ ကြည့်စမ်း ကျုပ် အဲဒါမေ့နေတယ်သိလား..." ဟု ဝမ်းသာအားရ အော်လိုက်ပါတော့သည်။

ဤတွင် ဗိုက်ထဲ အစာလုံးဝမရှိသဖြင့် တကြုတ်ကြုတ် ဖြစ်ကာ တစ်ကိုယ်လုံး မလှုပ်မယှက်ဖြစ်နေ၍ မျက်လုံးကိုပင် မဖွင့်ချင်ဘဲ ခပ်မှေးမှေးလေး မှိတ်ထားသော ကျွဲကြီးက...

"ဒီနည်းလည်း ဟိုဆိုင်တွေက သိကုန်ကြပြီပဲ၊ သူတို့ပိုက်ဆံအရင်တောင်းကြမှာပါ" ဟူ၍ စိတ်အားညှိုးငယ်စွာနှင့် ဝင်ပြောလိုက်သည်။ ၎င်း၏ စကားအဆုံးတွင် ဘတုတ်က...

mgyoe.com


"ဒါ ကျုပ်တာဝန်ထားလေ…၊ အရင်ဆိုင်တွေမသွားဘူးပေါ့။ ဘယ့်နှယ်လဲ ကျွဲလေး…."

"အင်း ဆရာ့သဘောပဲ…၊ ကဲ ပြောနေကြာတယ် သွားကြပါစို့ ဆရာရဲ့…"

ကျွဲလေးက အားမလို အားမရနှင့် ပြောရင်း ဆောင့်ကြောင့်ထိုင်နေရာက မတ်တတ်ထလိုက်သဖြင့် ဘတုတ်နှင့် ကျွဲကြီးတို့လည်း ထိုင်ရာက ထလိုက်ကြလေသည်။ ထိုနောက် ဖော်ပြပါဆိုင်ရောက်သော်… အကျအနထိုင်ကြ၍…

"ထမင်းသုံးပွဲ၊ လိုက်ပွဲပါ တစ်ခါတည်းယူခဲ့။ တောက်တောက်ကြော်တစ်၊ အစိမ်းကြော်တစ်၊ ၁၂ မျိုးဟင်းချိုတစ်၊ ပြီးတော့ ရမ်အကြီးတစ်လုံးအရင်ယူခဲ့…"

မှာပုံကလေးက အားရစရာကောင်းသော်လည်း ဆိုင်ရှင်တရုတ်ကြီးသည် ဘတုတ်တို့အဖွဲ့ကို လှမ်းကြည့်ပြီး နားဝေတိမ်တောင်ဖြစ်သွားပုံတွေ့ရသည်။ ဘတုတ်တို့အဖွဲ့ အကြောင်းကို သိထား၍လည်း စိတ်ထဲမသိုးမသန့်ကြီးဖြစ်သွားပုံရ၏။ သို့သော် ဘတုတ်တို့အဖွဲ့သည် ဘဝအနေမမှန်သူများဖြစ်သော်လည်း ငွေဝင်သည့်နေ့များတွင် အတိုင်းအဆမရှိ (တစ်နေ့တည်း လေးငါးခြောက်ဆယ်ခန့်) ဝင်တတ်သူများဖြစ်နေပြန်သည်။

တရုတ်ကြီး ထိုသို့ စဉ်းစားနေစဉ် ဘတုတ်သည် တရုတ်ကြီး၏အတွေးကို ရိပ်မိနားလည်သဖြင့် ဘယ်ဘက်အင်္ကျီအိတ်ကို ဟန်ပါပါ ပုတ်ပြလိုက်သည်။ ဤတွင်မှ တရုတ်ကြီးက ခေါင်းညိတ်ပြလိုက်ရာ ဘတုတ်တို့မှာတိုင်း မပေးဝံ့သဖြင့် အခြေအနေကို စောင့်ဆိုင်းနေကြသော စားပွဲထိုးကလေးများက မီးဖိုချောင်ဘက်သို့ တစ်ဆင့်မှာသူမှာ၊ ဖန်ခွက်ယူသူယူနှင့် အလုပ်များသွားကြလေ၏။

ဒီတော့မှပင် ဘတုတ်တို့အဖွဲ့လည်း သက်ပြင်းပြိုင်တူချလိုက်မိကြသည်။

သို့နှင့် ၎င်းတို့သုံးယောက်သားသည် လာလတ္တံ့သော ဘေးကို ခေတ္တမေ့လျော့ထားကာ သဘောကောင်းသော ယောက္ခမလုပ်သူ၏ ထမင်းဆိုင်တွင် ထမင်းအကြွေးလာစားသည့် သမက်များပမာ ရမ်တစ်ပုလင်းလုံးကို ဖန်ခွက်သုံးခွက်ထဲသို့ အညီအမျှ လောင်းထည့်ပြီးသကာလ ပြိုင်တူမော့ချ

mgyoe.com

mgyoe.com
လိုက်ကြလေသည်။ ထိုနောက် အချင်းချင်း စကားပြောဖို့တော့ဝေးရော မော့၍မျှပင် မကြည့်မိတော့ဘဲ ထမင်းဟင်းများကိုသာ သူ့ထက်ငါ အလုအယက်ပိုထည့်ယူကာ မြိန်ရေရှက်ရေ စားသောက်နေကြတော့လေ၏

အားလုံး စားသောက်ပြီးစီးကြသည်နှင့် တစ်ပြိုင်နက် ဘတုတ်က ခေါင်းဆောင်ကောင်းပီပီ နေရာမှထ၍ တရုတ်ကြီးဘက်လှည့်ပြီး "ဒင်နာစပီး(ချ်)" ခေါ် ညစာစားပွဲမိန့်ခွန်း ပေးတော့မည့် ဂုဏ်သရေရှိ ဧည့်သည်ကောင်းကြီးတစ်ဦးပမာ ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ မိမိတို့မှာ ပိုက်ဆံတစ်ပြားမျှပင် ပါလာခြင်းမရှိပါကြောင်းဖြင့် ထုတ်ဖော်ကြေညာလိုက်တော့သည်။

ကျွဲကြီးနှင့် ကျွဲလေး နှစ်ယောက်တို့ကလည်း လက်ပိုက်ပြီး ထိုင်နေရာက ဟုတ်မှန်ပါကြောင်းဖြင့် ပြိုင်တူခေါင်းညိတ်ပြလိုက်ကြသည်။

ဆိုင်တွင် စားသောက်နေကြသူများ 'ဝါး'ခနဲ ပွဲကျဆူညံ၍ တရုတ်ကြီး၏ ဆဲဆိုလိုက်သံများ ပျောက်ကွယ်သွားပြီးနောက် နိုင်ငံကျော်လမ်းမတော်ဘတုတ်နှင့် တပည့် ကျွဲကြီးတို့ သုံးယောက်သည် မီးဖိုချောင်တွင်းသို့ရောက်ရှိသွားကြကာ ပန်းကန်ခွက်ယောက်များကို ဆေးကြောသုတ်သင်ပေးကြရလေတော့သတည်း။

သို့နှင့်နောက်ဆုံး ဆိုင်ပိတ်၍ လူကြီးလုပ်သူများ ပြန်သွားကြပြီးနောက် ထုံးစံအတိုင်း ဘိလိယက်ဝိုင်း အသစ်တစ်ခု ပြန်စကြလေသည်။ ထိုဝိုင်းမှာ စားပွဲထိုးကလေးများ၏ ဝိုင်းဖြစ်ပြီး လူကြီးလုပ်သူများ ပြန်သွားကြပြီးနောက် လစ်လျှင်လစ်သလို ကစားကြခြင်းဖြစ်ရာ ယနေ့ညအဖို့တွင် ဘတုတ်တို့အဖွဲ့လည်း အထူးဧည့်သည်တော်များအဖြစ်ဖြင့် ဝင်ရောက်ကစားခွင့်ရခဲ့ကြသည်။

ပထမပွဲတွင် ဘတုတ်နှင့် အကြူးဆိုသူ တရုတ်စားပွဲထိုးတို့ နှစ်ယောက်ကစားကြရာ ဘတုတ်က 'ဘရိတ်' ခုနစ်မှတ်တောက်လျှောက်ရပြီး အနိုင်ယူသွားခြင်းဖြစ်၍ 'မာကာ'(အမှတ်ပေးသူ) ကျွဲလေးက ဝမ်းသာအားရအော်ဟစ်ပြီး ဩဘာပေးလိုက်ခြင်းဖြစ်သည်။ ဘတုတ်ကခပ်ပြုံးပြုံးကြီးဖြစ်သွားပြီး မလှမ်းမကမ်းတွင် ကျားထိုင်ထိုးနေသော ကျွဲကြီးအား...

"ကျွဲကြီးရေ၊ ငါ့ကို အရက်တစ်ခွက်လောက်ပေးပါဦး" ဟု လှမ်းပြောလိုက်လေ၏။

ကျွဲကြီးကလည်း ချက်ချင်း အရက်တစ်ခွက်ငှဲ့ပြီး လာပေးသည်။ ၎င်း

mgyoe.com

mgyoe.com

အရက်ကို ဘတုတ်ကအနိုင်ရ၍ သောက်ရခြင်းတော့ မဟုတ်ပါ။ ဆိုင်တွင် အရက်လာသောက်ကြသူများအနက် အချို့အမူးလွန်သူများ ဆက်လက်မသောက်နိုင်ကြဘဲ ဖန်ခွက်ထဲ ချန်ထားသော လက်ကျန်အရက်များကို စားပွဲထိုးကလေးများက ပုလင်းတစ်လုံးတွင် ရွှေမှုန်ကလေးများစုဆောင်းယူသလို တစ်နေ့လုံးစုယူခြင်းဖြင့် ဆိုင်ပိတ်သောအခါ တစ်လုံးအပြည့် (တစ်ခါတစ်ရံ ပိုသေးသည်) စုမိတတ်ကြပြီး ၎င်းတို့ဘိလိယက်ဝိုင်း စသောအခါ၊ သောက်ချင်သူ မည်သူမဆို ငှဲ့သောက်နိုင်သည်သာ ဖြစ်လေသည်။ သို့ကြောင့်လည်း ၎င်းတို့၏ ဘိလိယက်ဝိုင်းသည် ဧည့်ကောင်း စောင်ကောင်းများ လာကစားနေသလိုပင် အရက်ခွက်တကိုင်ကိုင်နှင့် တော်တော်ကြီးမြိုင်မြိုင်ဆိုင်ဆိုင် ရှိလှခြင်းဖြစ်သည်။

ထိုအတွင်း တစ်ပွဲစကြမည်ပြုရာ ကျွဲလေးက...

"ဆရာ ကျွန်တော်တစ်ပွဲလောက်စမ်းချင်တယ်" ဟု တောင်းပန်လိုက်သည်။

"တော်စမ်းပါကွာ...၊ မင်းအမှတ်သာ မမှားအောင်ပေးစမ်း"

ဘတုတ်ကဟောက်လိုက်သဖြင့် ကျွဲလေးလည်းမျက်နှာ ပုပ်သိုးသိုးဖြစ်သွားကာ အမှတ်ညွှန်ပြသော သစ်သားပြားကလေးနှစ်ခုကို သုညဂဏန်းသို့ ခပ်ဆတ်ဆတ်ကလေး ရွှေ့ပစ်လိုက်လေ၏။ ကိုယ်တိုင်မကစားရသဖြင့် ငြီးငွေ့လာဟန်တူသော ကျွဲလေးသည် တစ်ချက်သမ်းဝေလိုက်ပြီး...။

"ကျွဲကြီးရေ ငါ့ငါးပြားခဏချေးစမ်းပါကွ...၊ ငါမနက်ဖြန် အတိုးနဲ့ပြန်ပေးပါမယ်။ ခံတွင်းချဉ်လို့ ဆေးလိပ်တစ်လိပ်ဝယ်သောက်မလို့ပါ" ဟု အသနားခံလိုက်၏။

ထိုအချိန်၌ ကျွဲကြီးမှာ တစ်ပွဲဆယ်ပြားဖြင့် ကျားထိုးနေခြင်းဖြစ်ရာ သုံးပွဲဆက်နိုင်သဖြင့် ပြားသုံးဆယ်ပိုင်ဆိုင်နေပြီဖြစ်သည်။ ကျွဲကြီးက တစ်စုံတစ်ရာ ပြန်မပြောသဖြင့် ကျွဲလေးက ဒုတိယမ္ပိအသနားခံလိုက်ပြန်ရာ...

"ဟေ့ကောင်... မင်း ငါ့ကို ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး မနှောက်ပါနဲ့လို့ ဘယ်နှခါ ပြောရမလဲ..."

ကျွဲကြီးက ၎င်းအား လှည့်မကြည့်ဘဲ လှမ်းဟောက်လိုက်သည်။

ကျွဲလေးသည် ပျင်းရိစွာ တစ်ချက်သမ်းဝေလိုက်ပြန်ပြီး...

mgyoe.com

mgyoe.com

"ဒါနဲ့ဆရာ ဟိုလမ်းမတော် ဖိုးတုတ်နဲ့ ဆရာက ပထွေးတော်စပ်တယ်ဆိုတာ ဟုတ်ကဲ့လား" ဟု စကားစလိုက်ရာ... ဘတုတ်လည်း ဘိလိယက်ဘောလုံးသုံးလုံး၏ အကွာအဝေး အနေအထားကို ချိန်ဆကြည့်နေရာ မှ...

"အင်း... ဒါပေမဲ့ အပြန်အလှန်ပါကွာ..." ဟု ပြန်ပြောလေ၏။

"ဘယ်... ဘယ်... လို အပြန်အလှန်လဲဆရာ"

"အိုကွာ... ငါ့အမေသူယူ၊ သူ့အမေငါယူပေါ့ကွ၊ ဒါကြောင့် သူဟာငါ့ပထွေးဖြစ်သလို၊ ငါဟာလည်း သူ့ပထွေးပါပဲ"

ဘတုတ်၏ စကားကြောင့် တစ်ခန်းလုံး 'ဝါး'ခနဲ ဖြစ်သွားကြသည်။ ရယ်သံများ ပျောက်ကွယ်သွားလျှင် ကျွဲလေးကတစ်ဖန်...

"ဒါနဲ့ဆရာ ဟိုတစ်ခါ ပြောဖူးတော့ လမ်းမတော်ဖိုးတုတ်နဲ့ ဆရာနဲ့ မယားအပေးအယူလည်း လုပ်ဖူးသေးတယ်ဆို" ဟု မေးလိုက်ပြန်သည်။

ဘတုတ်သည် ခါးကြီးကုန်း၍ ကျူတံကို ရှေ့တိုးနောက်ငင်ပြုလုပ်ရင်း ချိန်ဆနေရာမှ...

"အဲလေ..."ဟု တစ်ခွန်းတည်း ပြန်ဖြေသည်။

"ဆိုတော့ နည်းနည်းရှုပ်ထွေးမနေဘူးလား... နို့"

ကျွဲလေးက သူ့ဆရာ၏ ဘဝဖြစ်စဉ်များကို အားမနာပါးမနာ နှိုက်နှိုက်ချွတ်ချွတ်ကြီး မေးနေတော့၏။

"ဘယ်... ဘယ်လိုရှုပ်ထွေးရမှာလဲကွ"

ဘတုတ်သည် ကျူတံကို ချော့(က်)သုတ်ရင်း ပြန်မေးသည်။

"ဆရာပဲ စဉ်းစားကြည့်လေ...၊ ဆရာနဲ့ လမ်းမတော်ဖိုးတုတ်က ပထမအနေနဲ့ ပထွေးအပြန်အလှန် တော်စပ်နေကြတယ်၊ ဒီလိုတော်စပ်နေတုန်းမယားအပေးအယူ လုပ်ကြပြန်တယ်လို့ ဆိုပြန်တယ်။ ဒီလိုဆိုတော့ရင် ဆရာ့ဆီရောက်လာတဲ့ ကိုဖိုးတုတ်ရဲ့ မယားဟာ ဆရာ့..."

"တော်... ဟေ့ကောင်... တော်... တော်...၊ မင်းပဲ ပေါက်ပေါက်ရှာရှာတွေးတတ်တယ် ရှီးမှပဲ"

ကျွဲလေးစကားမဆုံးမီ ဘတုတ်က ဟောက်ပစ်လိုက်ရာ တစ်ခန်းလုံး 'ဝါး' ခနဲ ဖြစ်သွားကြပြန်သည်။

ကျွဲလေးခမျာ ရယ်ချင်လွန်းလှသော်လည်း ပွင့်ပွင့်လင်းလင်း မရယ်ဝံ့

mgyoe.com

mgyoe.com

သဖြင့် စိတ်ထဲကသာ ကျိတ်ပြုံးလိုက်ရင်း...

"နို့ မဟုတ်ဘူးလား" ဟု မေးလိုက်ပြန်သည်။

ထိုအခါ ဘတုတ်လည်း မနေသာတော့ဘဲ အဆင်ပြေသလို ပြန်ဖြေရန် ကြိုးစားရတော့လေ၏။ သို့သော် မိမိအကြွားလွန်ထားသော ကိစ္စဖြစ်နေ၍ ကြိုတင် စဉ်းစားထားခြင်းလည်း မရှိသဖြင့် ရုတ်တရက် ဆီလျော်သောအဖြေကို ရှာမရဘဲဖြစ်နေရာ ဇောချွေးများပင် စီးကျလာရှာသည်။ ပြီးမှ ခပ်မဲ့မဲ့ကလေး ပြုံးလိုက်ရင်း...

"အမှန်ကတော့ ဒီလိုပါကွာ၊ ကိုဖိုးတုတ်မှာက အဲဒီတုန်းက မယားလေးငါးယောက်ရှိနေတာကွ။ ငါ့မလည်း ဟိုခေတ်တုန်းဆိုတော့ ကိုဖိုးတုတ်လိုပဲ ဟဲ... ဟဲ... မယားလေးငါးယောက် ထားနိုင်ခဲ့တာပေါ့ကွာ၊ (ရှက်သလိုလို ဖြစ်သွားသေးသည်။) ဒီတော့ မယားအပေးအယူလုပ်ကြရာမှာ မင်းမေးတဲ့ ပြဿနာ မပေါ်တော့ဘူးပေါ့" ဟု ပြန်ပြောကာ ရင်ထဲက အပူလုံးကြီးလည်း ကျသွားဟန်ဖြင့် သက်ပြင်းရှည်တစ်ချက် လေးလေးပင်ပင်ကြီး မှုတ်ထုတ်လိုက်သည်။

ဤတွင် ကျွဲလေးက ခေါင်းကလေးစောင်း၍ မေးဖျားကို လက်ညှိုးလေးနှင့် ထောက်ကာထောက်ကာ စဉ်းစားနေလိုက်ပြန်သည်။ ပြီး...

"ဒါဖြင့် ဆရာ့အမေက ကိုဘိုးတုတ်ရဲ့မယားငယ်ပေါ့နော်"

"ဟော့ကောင်..."

တစ်ခန်းလုံး 'ဝါး' ခနဲ ဖြစ်သွားကြပြန်သည်။

ဤတစ်ကြိမ်တွင်တော့ လမ်းမတော်တတုတ်သည် တော်တော်ကြီး စိတ်ဆိုးသွားမိဟန်တူလေ၏။ အကြောင်းမှာ ကျွဲလေး၏ စကားအဆုံးတွင် လက်ထဲကိုင်ထားသော ကျူတံနှင့် ကျွဲလေးအား ရိုက်ရန် ချိန်ရွယ်လိုက်သော ကြောင့်ဖြစ်သည်။ သို့သော် ထိုအခိုက်အတန့်လေးမှာပင်...

"ဆရာ... ဆရာ့ကို တွေ့ချင်တဲ့ ဧည့်သည်တစ်ယောက်အပြင်မှာ ရောက်နေတယ်" ဟူသော ကျွဲကြီး၏ အကြောင်းကြားသံကြောင့် ဘတုတ်လည်း စိတ်ဆိုးမာန်ဆိုးနှင့် 'တက်' တစ်ချက်ခေါက်လိုက်ပြီးမှ ကျူတံကို ထရံနား အသာကပ်ထောင်ထားလိုက်ကာ...

"ဘယ်သူတဲ့လဲ" ဟု ပြန်မေးလိုက်လေသည်။

mgyoe.com

mgyoe.com

စိတ်ထဲတွင်ကား ကျွဲလေးကို တော်တော်ကြီး ခံပြင်းနေမိပုံရလေ၏။

"မေးလို့လည်း မရဘူးဆရာ၊ ဆရာနဲ့ကိုယ်တိုင်တွေ့ချင်တယ်ပြောနေတယ်၊ အလုပ်တစ်ခုခုအပ်ချင်ပုံပါပဲ"

ကျွဲကြီးလည်း ထိုးလက်စ ကျားကွက်တွင်သာ စိတ်ဝင်စားနေမိသဖြင့် ပြီးစလွယ်ပင် ပြန်ဖြေသည်။

သို့နှင့် ဘတုတ်လည်း တံခါးဘက်သို့ လျှောက်သွားရာ တံခါးအပြင်ဘက်နားတွင် ဆံပင်စုတ်ဖွားဖွားနှင့် လူငယ်တစ်ယောက်ရပ်နေသည်ကို တွေ့ရလေ၏။

"ဘာကိစ္စလဲဟေ့"

ဘတုတ်က အမိန့်သံပါပါမေးလိုက်သည်။

"ကျွန်တော် လမ်းမတော် ကိုဘတုတ်နဲ့တွေ့ချင်လို့ပါ"

လူငယ်က ညောင်နာနာအသံနှင့်ပြန်ဖြေသည်။

"အေး... ကျုပ်ပဲဆိုစမ်း"

"ကျွန်တော်အလုပ်တစ်ခု ခိုင်းစရာရှိလို့ပါ"

"ဘာကွာ...မင်းခိုင်းတိုင်း ငါက လုပ်ရမှာလား...၊ ငါ မင်းဆွေမျိုးလား"

ဘတုတ်က ဟောက်လိုက်သဖြင့် လူငယ်ခမျာ မျက်စိမျက်နှာမကောင်းဖြစ်သွားသည်။ သို့သော် ချက်ချင်းပြန်ပြင်၍ ချောင်းတစ်ချက် ခပ်အုပ်အုပ်ကလေးဆိုးလိုက်ပြီး....

"ဒီလိုလေဗျာ... ခင်ဗျားကလည်း ဒေါချည်းပဲ၊ တန်ရာတန်ဖိုးပေးပြီး ခိုင်းမှာပေါ့ဗျ..."

ထိုအခါမှ ဘတုတ် စိတ်ဝင်စားလာကာ မျက်နှာသည်ပင် သိသိသာသာကြီး ပြောင်းလဲသွားသည်။

"အေး... ဒီလိုလား...၊ ဒီလိုဆိုတော့လည်း လုပ်ပေးရတာပေါ့လေ"၊ (နောက်လူငယ်နားကပ်ပြီး)"အလုပ်သဘောက ဘယ်လိုလဲ၊ ဘယ်သူ့ကို ရိုက်ပေးရမှာလဲ" ဟု ခပ်တိုးတိုးကလေး မေးလိုက်သည်။

"ဟင့်အင်း... ရိုက်ဖို့မဟုတ်ဘူးဗျ၊ မိန်းမခိုးမလို့ပါ။ အဲဒါ" လူငယ်၏ စကားမဆုံးမီ ဘတုတ်သဘောပေါက်သွားသဖြင့် ပြုံးဖြီးဖြီးကြီး ဖြစ်သွားသည်။ ပြီး...

mgyoe.com